# ကြေးမုံ

The Mirror Daily

Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 January 2021 ၁၀၂၇၀


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရားများ၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၆**

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်ဆွေးနွေး**

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၆

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၅ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ | ဒီဂရီစင်တီဂရိတ် |

## ကြေးမုံ ယနေ့ ဖတ်စရာ


**ပြည်ထောင်စုစစ်စစ်ကို အတူတကွထုဆစ်နိုင်မည့် ငြိမ်းချမ်းရေးသန္နိဋ္ဌာန်**

ဆောင်းပါး စာမျက်နှာ » ၆

**တက္ကသိုလ်စိန်ခေါ်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၇

**စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း အရေးကြီးကြောင်း ဘာရာဇီးတာဝန်ရှိသူ ပြောကြား**

စာမျက်နှာ » ၁၃



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# ကြေးမုံ

## ညီညွတ်ရေးဖြင့် ဘုံရည်မှန်းချက်ဆီ

ယခုအချိန်အခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးအနေဖြင့် အတိတ်သမိုင်းက အဖြစ်အပျက်အတွေ့အကြုံများကို သင်ခန်းစာယူ၍ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ အကြွင်းမဲ့ချုပ်ငြိမ်းကာ ရေရှည်တည်တံ့ခိုင်မြဲသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါဖြစ်သည်။ ညီရင်းအစ်ကိုမောင်နှမအရင်းစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းအကောင်အထည်ဖော်ရမည့် အချိန်အခါကောင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် နှစ်ပေါင်း ၇၀ ကျော်ကြာအောင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသောနိုင်ငံမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း ရှိမည်ထင်သည်။ ကာလရှည်ကြာဖြစ်ပွားနေသည့် အဆိုးသံသရာကြောင့် မည်မျှထိခိုက်နစ်နာသည်ကို လူတိုင်းသိနိုင်သည်။ သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်အချို့တွင် လက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းသေးသောကြောင့် သဘာဝအလှအပများကို အပြည့်အဝမခံစားကြရ၊ ပြည်နယ်ဖွံ့ဖြိုးမှုကိုလည်း ထိထိရောက်ရောက် အသုံးမချရဖြစ်နေကြရသည်။

ပြည်နယ်များဖွံ့ဖြိုးမှသာ တိုင်းရင်းသားပြည်သူအားလုံး ဖွံ့ဖြိုးမှုကို အပြည့်အဝရရှိနိုင်မည်။ ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ယခုအချိန်အထိ နယ်မြေအချို့တွင် အေးချမ်းလုံခြုံစိတ်ချမှုကို အပြည့်အဝမရနိုင်သေးချေ။ ဒေသခံတိုင်းရင်းသားပြည်သူများမှာ စစ်ဘေးရှောင်ဘဝဖြင့် တိမ်းရှောင်နေရဆဲဖြစ်သောကြောင့် ပြည်သူများ၏ ဆင်းရဲဒုက္ခများနှင့် နိုင်ငံတကာ၏ အထင်အမြင်သေးခံရနိုင်သည့် အဖြစ်များအတွက် အားလုံးတွင် တာဝန်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး နှစ်ပေါင်းရှည်ကြာ မျှော်လင့်တောင့်တလျက်ရှိသည့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရန်အတွက် လက်နက်ကိုင်ပဋိပက္ခများ၏ အရင်းခံအကြောင်းတရားဖြစ်သည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လက်ခံနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်တို့ကို မျှော်မှန်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများ ကျင်းပခဲ့ရာ စတုတ္ထအစည်းအဝေးအထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ငြိမ်းချမ်းရေးအစည်းအဝေးများမှ ဘုံသဘောတူညီချက်များစွာ ရရှိပြီးဖြစ်သည့်အပြင် ၂၀၂၀ အလွန်ကာလများတွင် ဆက်လက်လျှောက်လှမ်းရမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းများကိုလည်း သဘောတူညီမှုများ ရရှိထားပြီးဖြစ်ပါသည်။ အဓိကမှာ တိုင်းရင်းသားအားလုံး အမြင်ရှင်းရှင်း စိတ်ကြည်ကြည်လင်လင်ဖြင့် ငါတို့၏ တိုင်းရင်းသားပြည်သူများအားလုံး၏အရေး၊ ငါတို့၏ မျိုးဆက်သစ်များ၏ အရေး၊ ငါတို့၏ ပြည်ထောင်စုကြီးအရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မည်ဟူသည့် ခံယူချက်ရှိဖို့လိုပါသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ပါသည်။ ထွန်းသစ်စဒီမိုကရေစီ ရင့်ကျက်ခိုင်မာလာရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်ဟု နိုင်ငံတော်သမ္မတက (၇၃)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ပေးပို့သည့် သဝဏ်လွှာတွင် အသိပေးထားသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကဦးစားပေးလုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ပြီး အားစိုက်ဆောင်ရွက်နေပါသည်။

မငြိမ်းချမ်းခြင်း၏ဆိုးမွေများကို ခံစားနေကြရသော တိုင်းရင်းသားပြည်သူများသည် ယခုအချိန်အခါတွင် ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိလာလိမ့်မည်ဟု ယုံကြည်ထားသည်။ အလွန်သာယာလှပသည့် သဘာဝပတ်ဝန်းကျင်တွင် အားလုံးငြိမ်းချမ်းစွာခံစားရရေးနှင့် ပေါများကြွယ်ဝသည့် သဘာဝသယံဇာတများကို ဒေသခံတိုင်းရင်းသားများ အကျိုးခံစားခွင့် အပြည့်အဝရရှိရေးအတွက် ဆောင်ကြဉ်းပေးလိုပါလျှင် လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးထာဝရရပ်ဆိုင်းအောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ညီညွတ်ရေးဖြင့်သာ ဘုံရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်သို့ လျှောက်လှမ်းရာတွင် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သည့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် သွေးစည်းညီညွတ်စွာ လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။



ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် မူလကမ္ဘာအေးလေးစေတီတော် ဘက်စုံပြုပြင်ရေးအတွက် ကြီးငါးကြီးဆုတောင်းပြည့်ဘုရားနှင့် မူလကမ္ဘာအေးလေးစေတီတော်ဂေါပကအဖွဲ့သို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်က ယင်းစေတီတော်တန်ဆောင်းတွင် ပြုလုပ်ရာ မိဘများအား အမှူးထား၍ ဦးအောင်မိုးကျော်-ဒေါ်မာမာထွန်း၊ သားသမီးများ ဖြစ်ကြသော မမြပွင့်ဖြူ၊ မောင်ကျော်ထက်၊ ကိုတင်အောင်လွင်နှင့် ဝန်ထမ်းများက စုပေါင်း၍ အလှူငွေကျပ် ၈၂၂၁၁၃၀၀ ကို ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။

သျှင်သူသျှင်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆-၁-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၇၀၀ | ၉,၇၀၀ | ၄၇၅ | ၄,၆၀၇,၅၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၀၀ | ၇,၂၉၉ | ၂၈,၄၆၆,၁၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၆၇ | ၁,၄၇၄,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၇၆ | ၂၀၅,၂၀၀ |
| EFR | ၃,၆၀၀ | ၃,၆၀၀ | ၅၁၇ | ၁,၈၆၁,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၆

ရန်ကုန်(ရွှေဈေး) ၁၃၂၁၀၀၀ မန္တလေး(ရွှေဈေး) ၁၃၂၁၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၇၁၀ ကျပ် | ၇၁၀/၇၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၆၀/၆၉၅ ကျပ် | ၆၉၅/၇၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၉၀/၆၀၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၇၅/၅၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၆.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၈၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၄၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၃၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၃.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

**ပုဂံသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသ တစ်ခုဖြစ်သည်နှင့်အညီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် UNESCO မှ ပညာရှင်များနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အကြံပြုချက်များ၊ ဆွေးနွေးချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်**

☆ ရွှေ့ဖုံးမှ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာကောင်စီတို့မှ တာဝန်ရှိသူများ၊ အကြံပေးအဖွဲ့နှင့် ပညာရှင်အဖွဲ့တို့မှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသတစ်ခု**

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် လွန်ခဲ့သောနှစ်ပေါင်းထောင်ကျော်က တည်ရှိခဲ့သည့် ရှေးဟောင်းဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို တစ်နေရာတည်းတွင် တစုတဝေးတည်း တွေ့ရပြီး မြန်မာနိုင်ငံ၏ အဖိုးမဖြတ်နိုင်သည့် ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုဖြစ်သကဲ့သို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသတစ်ခုလည်း ဖြစ်ပါကြောင်း။

မြန်မာတစ်မျိုးသားလုံး၏ အဖိုးမဖြတ်နိုင်သည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများအနက် ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ပါကြောင်း၊ အဆိုပါ ထိခိုက်ပျက်စီးမှုများကို ရှေးမူလက်ရာမပျက်၊ စနစ်တကျပြုပြင်ရန်နှင့် ရေရှည်ကြံ့ခိုင်စေရေးအတွက်ပါ ထည့်သွင်းစဉ်းစားပြုပြင်နိုင်ရေးအတွက် “ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ–ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ” ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ နှစ်ခုနှင့် ဆပ်ကော်မတီ ငါးခုတို့ကို ဖွဲ့စည်းခဲ့သည့်အပြင် အကြံပေးအဖွဲ့၊ ပညာရှင်အဖွဲ့နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီများကဲ့သို့သော အခြားလိုအပ်သည့်အဖွဲ့များကို ထပ်မံဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

**အတည်ပြုချက်ရယူ**

ယခု အစည်းအဝေးသည် ဦးစီးကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ ယခင် အစည်းအဝေးများတွင် ဆုံးဖြတ်ချက် စုစုပေါင်း ၄၂ ချက် ချမှတ်ခဲ့သည့်အနက် ဆောင်ရွက်ပြီး ၃၉ ချက်နှင့် ဆောင်ရွက်ဆဲ သုံးချက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲ သုံးချက်မှာ လိုအပ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းရန်နှင့် ရေရှည်သင်တန်းကိစ္စရပ်များဖြစ်ပြီး ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ယနေ့ ကျင်းပပြုလုပ်သည့်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုး ၃၈၉ ဆူကို ပြန်လည် ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် UNESCO အဖွဲ့အစည်းအပါအဝင် ပြည်တွင်း၊ ပြည်ပ ရှေးဟောင်းသုတေသနဆိုင်ရာပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာကောင်စီနှင့် နည်းပညာတက္ကသိုလ်များ စသည့် ပညာရှင်အဖွဲ့အစည်းများ၏ ညှိနှိုင်းဆွေးနွေးမှုအရ လျာထားရေးဆွဲထားခဲ့သည့် စီမံချက်အတိုင်း လေးနှစ်အတွင်း ဦးစားပေးအလိုက် ပြုပြင်ထိန်းသိမ်းရမည့် ဘုရား၊ စေတီပုထိုး ၃၈၉ ဆူရှိပါကြောင်း၊ အဆိုပါ ၃၈၉ ဆူအနက် ပြုပြင်ထိန်းသိမ်းပြီး ၃၈၈ ဆူနှင့် ပြုပြင်ထိန်းသိမ်းဆဲ တစ်ဆူဖြစ်ပါကြောင်း၊ ပြုပြင်ထိန်းသိမ်းဆဲ တစ်ဆူမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် ကိုးနှစ်ကြာ ရေရှည် အသေးစိတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန် စီမံကိန်းရေးဆွဲဆောင်ရွက်နေသည့် သဗ္ဗညု ဘုရားကြီးဖြစ်ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီပုထိုး ၃၈၉ ဆူကို သတ်မှတ်ထားသည့် လေးနှစ်တာကာလအတွင်း ရာနှုန်းပြည့် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းဆောင်ရွက် နေသည့် လေးနှစ်တာကာလအတွင်း နောက်ထပ်ဘုရား ၁၁၀ ကိုလည်း ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း၊ အဆိုပါ ဘုရားများကိုလည်း တစ်ဆက်တစ်စပ်တည်း ပြုပြင်ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် စုစုပေါင်း ၄၉၉ ဆူကို လေးနှစ်တာကာလအတွင်း ပြုပြင်ပြီးဖြစ်ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသည့် အလှူငွေများကို လက်ခံရရှိခဲ့ပါကြောင်း၊ ရရှိခဲ့သည့် အလှူငွေများဖြင့် ငလျင်ဒဏ်သင့် ဘုရား၊ စေတီပုထိုးများကို ပြုပြင်ရာတွင် သတ်မှတ်ဖွဲ့စည်းထားသည့် ကော်မတီများ၏ စိစစ်ကြီးကြပ်မှုဖြင့် စနစ်တကျအကျိုးရှိရှိသုံးစွဲပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခုကာလသည် လေးနှစ်စီမံကိန်း ပြီးစီးပြီဖြစ်သည့်အတွက် ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များကို နောင်ရေရှည် ဆက်လက် ထိန်းသိမ်းစီမံခန့်ခွဲသွားနိုင်ရန် အရေးကြီးပါကြောင်း၊ ကျန်ရှိသည့် အလှူငွေများကိုလည်း အဖွဲ့များဖွဲ့စည်း၍ စနစ်တကျ စီမံခန့်ခွဲသုံးစွဲနိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ငလျင်ဒဏ်သင့်ဘုရား၊ စေတီပုထိုးများကို ပြန်လည်ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့အမွေအနှစ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရန်နှင့် နောင်ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များ၏ အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားပြီး ရှေးမူလက်ရာမပျက် ရေရှည်ကြံ့ခိုင်စေရန်အတွက် အားလုံး ဆက်လက်ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရှုထောင့်မှလည်း ရှုမြင်ရန်လိုအပ်သကဲ့သို့ ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာပြီဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပမှ တာဝန်ရှိသူများနှင့် ဖွဲ့စည်းဆောင်ရွက်နေသည့် “နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ” ၏ အကြံပြုချက်များအရ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ပါကြောင်း။

ယနေ့အချိန်ကာလသည် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားနေသော အချိန်ကာလဖြစ်သည့်အတွက် ပုဂံယဉ်ကျေးမှုဒေသကို ပြည်တွင်း၊ ပြည်ပဧည့်သည် လာရောက်မှုကျဆင်းသွားပြီး ပြီးခဲ့သည့်လများအတွင်း ပြည်ပဧည့်သည် လာရောက်မှု မရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဧည့်သည်လာရောက်မှု နည်းပါးသည့်ကာလအတွင်း ပုဂံယဉ်ကျေးမှုနယ်မြေရှိ အမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများကိုသာမက လုံခြုံရေးကိုပါ တိုးမြှင့်၍ စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ဆက်လက်ကူညီ**

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ရှေးမူလက်ရာမပျက် ရေရှည်တည်တံ့ရေးအတွက် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအားလုံး အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံများနှင့် ဒေသတွင်းအဖွဲ့အစည်းများအားလုံးကို နိုင်ငံတော်အစိုးရကိုယ်စား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ရှေးဟောင်း သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင်သာမက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကြီး၏ လိုအပ်သည်များကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားကြစေလိုပါကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ UNESCO အဖွဲ့၊ ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားနေသည့်ကာလအတွင်း ပုဂံယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်း အမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ပြီးစီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း လှုပ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများအား ပြင်ဆင် ဆောင်ရွက်ပြီးစီးခဲ့သည့်အခြေအနေများကို Video Clip ဖြင့် ပြသသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကမ္ဘာတစ်ဝန်း COVID–19 ရောဂါ ကူးစက်ဖြစ်ပွားနေသည့်ကာလဖြစ်သောကြောင့် ပုဂံဒေသအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား လုပ်ငန်းများ ရပ်တန့်ခဲ့သည့်အခြေအနေ၊ ပြည်တွင်းခရီးသွားလာမှု ပြန်လည်မြှင့်တင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စံချိန် စံညွှန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ–ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ၂၀၁၆ ခုနှစ်တွင် ပုဂံဒေသ၌ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်နိုင်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ထိခိုက်ပျက်စီးခဲ့သော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများအား အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ငလျင်ဒဏ်ခံရသည့် ဘုရားများအား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ယခု လေးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်မှုပြီးစီးခဲ့ပြီဖြစ်၍ နောင်ရေရှည်ပြုပြင်ထိန်းသိမ်းမှုအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များပါဝင်သော “ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့” ဖွဲ့စည်းဆောင်ရွက်သွားမည့်အခြေအနေ၊ ပုဂံ Safe City Solution ဆောင်ရွက်မည့်အခြေအနေနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် အလှူငွေကောက်ခံရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်ငွေစာရင်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးနည်းပညာတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်က ပုဂံဒေသသည် ငလျင်ကြောပေါ် တည်ရှိနေသဖြင့် အနာဂတ်တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းဘုရား၊ စေတီပုထိုးများ ငလျင်ဒဏ်ခံနိုင်ရေးနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ရန်လိုအပ်ချက်များနှင့် မြန်မာပညာရှင်များနှင့် ပြည်ပပညာရှင်များ ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဆန်းဦးက ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် UNESCO ၏ ကမ္ဘာ့အမွေအနှစ် အထိမ်းအမှတ်ကျောက်တိုင်များ စိုက်ထူနိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက အလှူငွေကောက်ခံရရှိမှုများနှင့် သုံးစွဲမှုအခြေအနေများကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ငလျင်ဒဏ်သင့်ဘုရား စေတီပုထိုးများ ထိန်းသိမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ နိုင်ငံတကာ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၇)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမိုးဇော်က ငလျင်ဒဏ်သင့်ဘုရား၊ စေတီပုထိုးများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာမျိုးက ကမ္ဘာ့အမွေအနှစ်စံချိန်စံညွှန်းများနှင့်အညီ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်သင့်သည့်အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပုဂံ–ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အစည်းအဝေးဆုံးဖြတ်ချက် ကိုးချက် ချမှတ်ကာ အတည်ပြုချက်ရယူသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် ပြုပြင်ထိန်းသိမ်းရေးမှားယွင်းမှုကြောင့် ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး စောင့်ကြည့်ထိန်းကွပ်ပေးရန် လိုအပ်သည့်အတွက် “ပုဂံဒေသ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ” အစည်းအဝေးတွင် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး နည်းစနစ်ပိုင်း၊ ထိရောက်မှုပိုင်း၊ လိုအပ်ချက်ပိုင်းများကို ဆွေးနွေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး နိုင်ငံတကာပူးပေါင်းကူညီမှုသည် တညီတညွတ်တည်းဖြစ်မည့်အပြင် တူညီသည့်နည်းစနစ်ဖြင့် ထိထိရောက်ရောက် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း၊ ပုဂံသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသတစ်ခုဖြစ်သည်နှင့်အညီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် UNESCO မှ ပညာရှင်များ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အကြံပြုချက်များ၊ ဆွေးနွေးချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ “ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ–ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ” ကို “ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ” ဟု အမည်ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ လက်ကျန်အလှူငွေများအား စနစ်တကျစီမံခန့်ခွဲရေးနှင့် သုံးစွဲရေးတို့အတွက် “အလှူငွေစီစစ်သုံးစွဲရေးလုပ်ငန်းကော်မတီ” ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ပြီး ဖွဲ့စည်းသွားရန်နှင့် လုပ်ငန်းတာဝန်များကိုပါ သတ်မှတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတူ လက်ကျန်အလှူငွေများကို ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ ခေါင်းစဉ်ဖြင့် စာရင်းဖွင့်ဆောင်ရွက်သွားရန်နှင့် နောင်လိုအပ်လာမည့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် စနစ်တကျသုံးစွဲသွားရန်တို့ကိုလည်း စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ “Technical Expert Team (TET)” ကိုလည်း ပြည်တွင်း၊ ပြည်ပ ပညာရှင်များပါဝင်စေပြီး “ပုဂံကမ္ဘာ့အမွေအနှစ်ဒေသထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့” အဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းရန်နှင့် အဆိုပါအဖွဲ့အနေဖြင့် အနာဂတ်ကာလတွင် ပုဂံ–ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရာတွင် ကမ္ဘာ့အမွေအနှစ်စံချိန်စံညွှန်းများနှင့် ညီညွတ်ပြီး စနစ်ကျသည့် ပြုပြင်ထိန်းသိမ်းမှုများဖြစ်အောင် ကြီးကြပ်စစ်ဆေးအကြံပြုဆောင်ရွက်သွားရန်နှင့် ပုဂံ–ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ဒေသခံများအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စ ဂျောင်ဟေခယောင်း အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၆**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စ ဂျောင်ဟေခယောင်း အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အပါအဝင် လိုအပ်သောဒေသများ၌ အထောက်အပံ့ပေးအပ်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၃၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၃၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် သင့်တော်သော မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်လုပ်ကိုင်မည့်သူများ၊ အဖွဲ့အစည်းများကို အားပေးကူညီကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ စက်မှုစီးပွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် မြေလွတ်၊ မြေရိုင်းများ အသုံးပြုနိုင်ခွင့်ရရှိရေးကိုလည်း ပံ့ပိုးဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင်လည်း ဒေသခံလူထုနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာအရ သတ်မှတ်မြေများ၊ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့်မြေများ ပါဝင်မှုမရှိစေရေးအတွက် အထူးဂရုပြု စိစစ်ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများအား ဖတ်ကြားတင်ပြရာ ကော်မတီဥက္ကဋ္ဌနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာ တစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် ယခုအစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာသည့် အမှုတွဲများ စိစစ်တင်ပြခြင်းကိစ္စရပ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊ ယခု အစိုးရကာလ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် ပြန်ကြားလာသည့်အမှုတွဲများ စိစစ်တင်ပြခြင်းကိစ္စရပ်၊ အစိုးရကခွင့်ပြုသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားမှုအပေါ် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ၊ မရှိ အခြေအနေများအား အထူးအဖွဲ့ဖြင့် စစ်ဆေးတင်ပြနိုင်ရေး ကိစ္စရပ်များနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာ တင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်း ကိစ္စရပ်များကို ဆွေးနွေးကြသည်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ဒေသခံအချို့၏ မိရိုးဖလာအရ အဆက်ဆက် လုပ်ကိုင်ဆောင်ရွက်နေသော မြေအချို့မှာ လုပ်ပိုင်ခွင့် လျှောက်ထားရယူထားခြင်းမရှိသဖြင့် ယနေ့အထိ မြေလွတ်၊ မြေရိုင်းများအဖြစ် စာရင်းပေါ်နေကြောင်း၊ သို့ဖြစ်ရာ လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ တစ်ဖွဲ့ချင်းသော်လည်းကောင်း လုပ်ပိုင်ခွင့်တရားဝင်ပိုင်ပိုင်နိုင်နိုင် ရရှိစေရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားနိုင်ရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဦးစိုင်းမျိုးဝင်း(EFD Group) က ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန်အတွက် ကျပ်သိန်းပေါင်း တစ်သောင်း နိုင်ငံတော်သို့ လှူဒါန်း




**ရန်ကုန် ဇန်နဝါရီ ၂၆**
ဦးစိုင်းမျိုးဝင်း(EFD Group) မှ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန်အတွက် ကျပ်သိန်းပေါင်း ၁၀၀၀၀ ကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံသည်။

"နိုင်ငံတော်ရဲ့ ကျန်းမာရေး လိုအပ်နေချိန်မှာ ကျွန်တော်တို့ (EFD Group) အနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ဖို့အတွက် ရန်ပုံငွေအဖြစ် ကျပ်သိန်းပေါင်းတစ်သောင်းကို လှူဒါန်းခွင့်ရလို့ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု EFD Group တည်ထောင်သူ ဦးစိုင်းမျိုးဝင်းက ပြောသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အလှူငွေလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဦးစိုင်းမျိုးဝင်းသည် နိုင်ငံတော်၏ ကိုဗစ် -၁၉ ကာကွယ်ဆေး ဝယ်ယူရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် Excellent Fortune Development Group (EFD Group) မှ ငွေကျပ်သိန်း ၅၀၀၀ ကိုလည်းကောင်း၊ Farmers Development Public Bank မှ ငွေကျပ်သိန်း ၃၀၀၀ ကိုလည်းကောင်း၊ Excellent Fortune Life Insurance မှ ငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ Excellent Fortune General Insurance မှ ငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း စုစုပေါင်း ငွေကျပ်သိန်းပေါင်းတစ်သောင်းကို နိုင်ငံတော်သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

ထို့အပြင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုင်းမျိုးဝင်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းခင်မြင့်ရီ မိသားစုသည် Excellent Fortune Foundation အမည်ဖြင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူထု အကျိုးပြုလုပ်ငန်းများအား စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် ပါဝင်လှူဒါန်းခြင်းများအပြင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Fortune Plaza We Love Yangon Happy COVID Center ဆေးရုံကိုလည်း နိုင်ငံတော်သို့ လှူဒါန်းထားသူများဖြစ်သည်။

ရွှေအင်းသားခင်မောင်ဝင်း



ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိပန်းလှိုင်ခတ္တိယတံတားမှ မလက်တိုပုသိမ်တံတားအထိ ကားလမ်းဝဲ၊ ယာရှိ အိမ်ခြေ ၈၀၁ အိမ်တို့အား ကိုဗစ်ကာလအတွင်း ကာလဒါနအဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ်၂၀၀၀၀၊ နှစ်ယောက်အိပ်ခြုံစောင်တစ်ထည်စီ (စုစုပေါင်း လှူဒါန်းငွေ ကျပ် ၁၈၉ သိန်း) ကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့နေ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန် - ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်အေးမြင့်သန်း၊ သမီးမစိုးစိုးသန်း (အောင်ရတနာသက်န်းတိုက်)မိသားစုက ပေးအပ်လှူဒါန်းစဉ်။

တင်ဝင်းတင်

# တောင်ကုတ်မြို့နယ် သမဝါယမအသင်းစုက ရေထွက်ကုန်ပစ္စည်းများ ရောင်းချ

**တောင်ကုတ် ဇန်နဝါရီ ၂၆**
ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့၏ကြီးကြပ်မှုဖြင့် သမဝါယမကဏ္ဍမှ ဆောင်ရွက်ပေးလျက်ရှိရာ တောင်ကုတ်မြို့နယ် သမဝါယမအသင်းစုက ကိုဗစ်-၁၉ ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရာတွင် အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ပင်လယ်ထွက်ကုန်ပစ္စည်းများဖြစ်သည့် ကျောက်ငါး၊ ငါးဂုံး၊ ငါးပချွန်း စသည့် ငါးမျိုးစုံ ပိဿာချိန် ၂၀၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် No Profit, No loss ဟူသော သမဝါယမမူအတိုင်း မြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အပြီးသတ်အစီရင်ခံသည့် အစည်းအဝေးကို Virtual ပုံစံဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော်  ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အပြီးသတ်အစီရင်ခံသည့် အစည်းအဝေးကို Virtual ပုံစံဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ဝန်ကြီးဌာနတွင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အချိန်တစ်နှစ်ခွဲခန့်ယူ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ လုပ်ငန်းစဉ်နှင့်အတူ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့ အစီရင်ခံစာနှင့် နိုင်ငံတော်အစိုးရ၏ အစီရင်ခံစာဟူ၍ အစီရင်ခံစာနှစ်စောင်ကို ရေးသားပြုစုထားပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြီးသတ်အစည်းအဝေးကို ပုံမှန်အားဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရှိရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ သွားရောက်ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်ကပ်ရောဂါကြောင့် သွားရောက်နိုင်ခြင်းမရှိသဖြင့် Virtual Meeting အဖြစ်ကျင်းပရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အချက်အလက်များအပြင် အဓိကအားဖြင့် ကုန်သွယ်မှုနှင့် ဆက်စပ်သောမူဝါဒများကို ဆန်းစစ်လေ့လာခြင်းဖြစ်ရာ အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အပြီးသတ် အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနအောက်ရှိဌာနများနှင့် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးပြီးဆုံးပြီးနောက် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အစီရင်ခံစာနှင့် ထွက်ပေါ်လာသော ရလဒ်များကို အစိုးရဌာန၊ အဖွဲ့အစည်းများအပြင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် သတင်းမီဒီယာများနှင့် ချိတ်ဆက်၍ သတင်းထုတ်ပြန်ခြင်း၊ ဆောင်းပါးများရေးသားခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရလဒ်ကောင်းများ ဆက်လက်ရရှိနိုင်ရေးအတွက် လိုအပ်သည်များကို လုပ်ငန်းစီမံချက်နှင့်အညီ အသေးစိတ် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**အလေးအနက်ထား**

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက ယခုကျင်းပမည့် အစည်းအဝေးသည် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ Universal Periodic Review–UPR တတိယအကျော့ အစီရင်ခံစာသုံးသပ်သည့် အစည်းအဝေးနှင့် သဘောတရားတူညီပါကြောင်း၊ မြန်မာနိုင်ငံ ကိုယ်စားပြုဆောင်ရွက်ရမည့် အစည်းအဝေးဖြစ်၍ အလေးအနက်ထား ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးကာလအတွင်း အင်တာနက်များ ကောင်းမွန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ နေပြည်တော်နှင့် ရန်ကုန်တို့မှ အွန်လိုင်းဖြင့် တက်ရောက်မည့် ကိုယ်စားလှယ်များအကြား အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေးနှင့် ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့်လည်း အနီးကပ်ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရန် အချက်များနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်သည့်ကိစ္စရပ်များဖြစ်သည့် အစီရင်ခံစာများ ဖြန့်ဝေထားရှိမှု အခြေအနေ၊ အဖွဲ့ဝင်များထံမှ မေးခွန်းများ လက်ခံရရှိမှုအခြေအနေ၊ WTO အတွင်းရေးမှူးရုံးနှင့် ချိတ်ဆက်လျက်ရှိသည့်အခြေအနေ၊ အခမ်းအနားပြင်ဆင်ရေးနှင့် ပြန်ကြားရေး၊ အင်တာနက်နှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Interprefy Platform အသုံးပြု၍ ကျင်းပမည်ဖြစ်ပြီး အဆိုပါ Virtual Meeting သို့ နေပြည်တော်အခြေပြု ဆက်စပ်ဌာန၊ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ Kempinski ဟိုတယ်တွင် တစုတစည်းတည်းဖြင့်လည်းကောင်း၊ ရန်ကုန်ရှိ ကိုယ်စားလှယ်များက Account Access များဖြင့်လည်းကောင်း ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်သွားမည်ဖြစ်ရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အောက်ရှိ Trade Policy Review Body – TPRB ၏ ဥက္ကဋ္ဌ အိုက်စလန်နိုင်ငံ သံအမတ်ကြီး Mr. Harald ASPELUND က ယင်းအစည်းအဝေး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြီးသတ်အစီရင်ခံသည့် အစည်းအဝေးအတွက် အဓိကဆွေးနွေးသုံးသပ်တင်ပြသူ (Discussant) အဖြစ် ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms. Kirsti KAUPPI က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခုနစ်နှစ်လျှင်တစ်ကြိမ် ဆောင်ရွက်ရ**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသည် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို မဖြစ်မနေ လိုက်ပါဆောင်ရွက်ရမည်ဖြစ်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများက ခုနစ်နှစ်လျှင်တစ်ကြိမ် ဆောင်ရွက်ရသည်။ မြန်မာနိုင်ငံ၏ ပထမအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်ကို မူလက ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ရုံးချုပ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့က သွားရောက်ပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်ကပ်ရောဂါကြောင့် ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ရပြီး ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် Virtual Meeting အဖြစ် အခြားသောအဖွဲ့ဝင် နိုင်ငံများနည်းတူ လိုက်ပါပြောင်းလဲပြုလုပ်ခြင်းဖြစ်သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ Stakeholder Meeting ကျင်းပ



**နေပြည်တော်  ဇန်နဝါရီ ၂၆**

ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃) ပါ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ Stakeholder များက ကျွမ်းကျင်ပညာရှင်များနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယနေ့နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)ပါ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြုပြင်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေးခဲ့ကြပြီး အစိုးရနှင့် ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ်များက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ဖြစ်ကြသည့် ဦးကျော်ဝင်း (စာရေးဆရာ)၊ ဦးအေးမောင်ကျော်(မြန်မာ့ရေးရာ)၊ ဒေါက်တာတင်မောင်သန်း(သင့်ဘဝ)၊ ဒေါက်တာကျော်ရင်လှိုင် (CDNH)၊ ပါမောက္ခ (ငြိမ်း) ဒေါက်တာထွန်းကျော်ငြိမ်း၊ ဦးလှဝင်း(စာရေးဆရာ)၊ ဒေါက်တာရန်မျိုးသိမ်း(စာရေးဆရာ)၊ ဦးရဲမျိုးဟိန်း (တကောင်းနိုင်ငံရေး လေ့လာမှုအဖွဲ့)၊ ဦးသန်းစိုးနိုင်(စာရေးဆရာ)၊ ဦးမောင်မောင်စိုး (စာရေးဆရာ)၊ ဦးဇေယျာသူ (The Voice)၊ ဦးမြအေး (Federal Democratic Force)၊ ဦးစည်သူအောင်မြင့် (စာရေးဆရာ)၊ ဒေါက်တာမင်းဇော်ဦး (MIPS)၊ ဦးအောင်နိုင်ဦး (CPR)၊ ဒေါက်တာမင်းခင်မောင်ရင်(CPR)၊ ဦးမင်းဇင် (ISP Myanmar)၊ ဦးအောင်သူငြိမ်း (ISP Myanmar)၊ ဦးနေထွန်းနိုင် (Peace Deck)၊ ဒေါက်တာဆုမွန်သဇင်အောင် (ISP Myanmar)၊ ဒေါ်ခင်ခင်ကျော်ကြီး (China Deck)၊ ဒေါ်ခင်မမျိုး(MIGS)၊ ဦးစိုးမြင့် (Mizzima)၊ ဦးကျော်စွာမိုး (ဧရာဝတီ)၊ ဦးသက်နိုင်ဦး(DVB)၊ ဦးဆန်နီဆွေ (Frontier)၊ ဦးအားမာန် (7Day) တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## "အသိပေးပန်ကြားချက်"

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် တတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးများကို ၁-၂-၂၀၂၁ ရက်နေ့မှစ၍ ကျင်းပမည်ဖြစ်ရာ အဆိုပါလွှတ်တော်အစည်းအဝေးများ ကျင်းပသည့်ကာလအတွင်း ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကုမုဒြာကြာပန်းအဝိုင်းမှ ရာဇဌာနီလမ်းအတိုင်း ရာဇဌာနီလမ်းနှင့် ဇဝန လမ်းဆုံနေရာအထိ ယာဉ်လမ်းကြောင်း ယာယီပိတ်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**နေပြည်တော်ကောင်စီ**

**○ ကျောဖုံးမှ**

ပထမအကြိမ်ဆေးထိုးထားတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ၂၈ ရက်အကြာမှာ ဒုတိယအကြိမ် ကာကွယ်ဆေးဆက်လက်ထိုးနှံပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီအပြင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစီအစဉ်နဲ့ ကာကွယ်ဆေးထိုးနှံသွားမယ့် ကျန်းမာရေးဝန်ထမ်းတွေလည်း ရှိပါတယ်။ ကျန်တဲ့သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနတွေ၊ ကျန်းမာရေးနှင့်နီးနွယ်တဲ့ ဦးစီးဌာနတွေက ဝန်ထမ်းတွေကိုတော့ ဗဟိုက အစီအစဉ်နဲ့ ထိုးနှံသွားဖို့ရှိပါတယ်။

"အခုရောက်ရှိလာတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ဟာဆိုရင် ၂ စင်တီဂရိတ်မှ ၈ စင်တီဂရိတ် Cold Chain စနစ်နဲ့ သယ်ဆောင်ရမှာဖြစ်ပါတယ်။ ရန်ကုန်ကနေ နေပြည်တော်ကိုလည်း Cold Chain စနစ်နဲ့ သယ်ဆောင်လာပါတယ်။ ကာကွယ်ဆေးတွေကို လက်ခံပြီးရင်လည်း Cold Chain စနစ်နဲ့ပဲ သယ်ယူသွားပြီးတော့မှ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆေးသိုလှောင်ရုံမှာရှိတဲ့ အအေးခန်းမှာ သိုလှောင်ထားရှိမှာ ဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် ကာကွယ်ဆေးထိုးနှံမယ့်နေ့တွေမှာ သက်ဆိုင်ရာ မြို့နယ်တွေ၊ ဆေးရုံတွေကို Cold Chain စနစ်နဲ့ပဲ ဆက်ပြီးတော့ သယ်ယူပို့ဆောင်ပြီး ထိုးနှံပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများကို နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန ဆေးသိုလှောင်ရုံအအေးခန်း၌ စနစ်တကျထိန်းသိမ်းထားရှိလျက်ရှိပြီး ညွှန်ကြားချက်များနှင့်အညီ ထိုးနှံရမည့် အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဟိန်းမင်းစိုး၊ ဓာတ်ပုံ- စိုးဝင်းထွန်း**

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစစ်စစ်ကို အတူတကွထုဆစ်နိုင်မည့် ငြိမ်းချမ်းရေးသန္နိဋ္ဌာန်

## မိုးကေနိုင်

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်ကြသောကြောင့် မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိခဲ့သည်။ ခေါင်းဆောင်များ၏ အနစ်နာခံကြိုးစားမှုကြောင့် မြေပြန့်နှင့် တောင်တန်းဒေသ ပူးပေါင်းနိုင်ခဲ့ကြသည်။ တိုင်းရင်းသားခေါင်းဆောင်များအားလုံး၏ ရိုးသားဖြောင့်မတ်မှု အရင်းခံကာ သမိုင်းတွင် အရေးပါသည့် ပင်လုံစာချုပ်ကို ဖြစ်ပေါ်စေခဲ့သည်။ ပင်လုံစာချုပ်သည် ငြိမ်းချမ်းရေး၏ သင်္ကေတတစ်ခုဖြစ်ခဲ့သည်။ တောင်တန်းနှင့်မြေပြန့် သွေးခွဲအုပ်ချုပ်ခံရမှုကို မလိုလားသည့် စိတ်ဓာတ်ပြင်းပြမှုက အမျိုးသားညီညွတ်ရေးအင်အား အရပ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။ ရိုးသားကြိုးစားမှု၊ အနစ်နာခံမှု၊ စိတ်ဓာတ်ပြင်းပြမှုတို့က စည်းလုံးညီညွတ်မှု၏ ပဓာနအကြောင်းရင်းများပင်တည်း။

**ရှိခဲ့၊ ရှိဆဲ သင်ခန်းစာများ**

အသွင်ကူးပြောင်းဆဲ ထွန်းသစ်စဒီမိုကရေစီနိုင်ငံတွင် ခိုင်မာသည့် ဒီမိုကရေစီဖက်ဒရယ်အိပ်မက်နှင့်အတူ မပြီးမပြတ်နိုင်သေးသော ငြိမ်းချမ်းရေးခရီးကား ဆက်လက်လျှောက်လှမ်းနေရဆဲဖြစ်သည်။ ခေတ်အဆက်ဆက် ညီညွတ်မှုမရှိ၍ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရဖူးသည်။ အကွဲအပြဲအမျိုးမျိုးကြောင့် အကျိုးယုတ်ခဲ့ကြရသည့် သမိုင်းအမည်းစက်များ ရှိခဲ့ကြသည်။ သင်ခန်းစာယူဖွယ်ရာများကား အတိတ်မှာလည်းရှိခဲ့၊ ပစ္စုပ္ပန်မှာလည်း ရှိဆဲဖြစ်သည်။ ယခုလိုကာလမျိုးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကား ရင်ဝယ်ရိုက်ခတ်လာခဲ့သည်။ **“ဆိုရေးရှိက ဆိုအပ်လှဆိုသလို”** ပြောစရာ ထောက်ပြစရာရှိပါက မထောက်မညှာ အားမနာဘဲ ပြောတတ်သည့် ဗိုလ်ချုပ်၏စကားများက **“ညီညွတ်ရေးအတွက် ငြိမ်းချမ်းရေး” “ငြိမ်းချမ်းရေးအတွက် ညီညွတ်ရေး”** အရေးကြီးပုံကို ပုံဖော်နေသကဲ့သို့ ဖြစ်သည်။ **“ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ကြီးပွားချမ်းသာရေး”**တို့သည် **“ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ”** ဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲပြုနေပုံကိုလည်း တိုက်ရိုက်ဖော်ပြနေသည်။

**“ကောင်းမှန်းသိ၊ သာအိတစိုစို” ဆိုသလို မဖြစ်ရန်လို**

**“ဗမာပြည်သည် အာဏာပိုင်တိုင်းပြုပြည်ပြုလွှတ်တော်ကြီးခေါ်၍ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ရှိသော အခြေအနေသို့ ဆိုက်ရောက်အောင် (ဝါ) လွတ်လပ်ရေးရအောင် အလိုအပ်ဆုံးအရာမှာ ညီညွတ်ရေးပင်ဖြစ်ကြောင်း၊ ညီညွတ်ရေးသည် တူညီသောအကျိုး၊ တူညီသောအလုပ်နှင့် တူညီသော ရည်ရွယ်ချက်တို့တွင် အခြေပြုရမည်ဖြစ်ကြောင်း၊ အခု ဗမာပြည်မှာ ချင်း၊ ကရင်၊ ကချင်၊ ရှမ်းတို့ဆိုတာတွေနဲ့ ဗမာတွေနဲ့ ညီညွတ်နေကြပြီ။ ဒါပေမဲ့ ဗမာအချင်းချင်းဖြစ်တဲ့ စားဖားကြီးတွေသာ ကျုပ်တို့နဲ့ မညီညွတ်နိုင်ဘဲ ကျုပ်တို့ကို ကလန်ကဆန်လုပ်နေတယ်။ သူတို့ဟာ အရင်လုပ်ဖူးလို့ “ကောင်းမှန်းသိ၊ သာအိတစိုစို” ဖြစ်နေကြတယ်။”**

**“ကျားကျားမီးယပ်” မဖြစ်ကြစေဖို့**

**“တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်းအကျိုးရှိကြောင်း သိရှိနိုင်မယ်”** စသည်ဖြင့် ယနေ့ခေတ်အခြေအနေကို ထင်ဟပ်လာခဲ့သည့် ပြောကြားချက်များအလား ဆောင်သင့်တာဆောင်၍ ရှောင်သင့်တာရှောင်စရာတွေ များစွာရှိနေကြောင်း မှတ်သားမိသည်။

ထိုခေတ်ကာလ အမျိုးသားခေါင်းဆောင်ကြီးက အမှားကို ထောက်ပြခဲ့သော်လည်း လက်မခံဘဲ တဇွတ်ထိုးလုပ်ခဲ့ကြသည့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ အစွဲကြီးစွဲသူများအတွက် အမှားများရှိခဲ့ပုံကို သတိရမိစေသည်။ လူနာရှင်က သတိပေးနေသည့်ကြားမှ လူနာယောကျ်ားကို မီးယပ်ရောဂါသည်အဖြစ် ဇွတ်ကုနေသည့် ဆေးဆရာကဲ့သို့ “ကျားကျားမီးယပ်” မဖြစ်ကြစေရန် သတိပေးထားပုံသည် အမှန်အတုယူထိုက်သည့် စကားပင်ဖြစ်သည်။



**စစ်မှန်သော ညီညွတ်ရေးဟူသည်**

သို့ဆိုလျှင် စစ်မှန်သော ညီညွတ်ရေးဟူသည်မှာ အဘယ်နည်း။ ရှည်လျားသော ပဋိပက္ခသမိုင်းကြောင်းရှိသည့် မြန်မာနိုင်ငံတွင် စစ်မှန်သောအမျိုးသားညီညွတ်ရေးအတွက် ရိုးသားဖြောင့်မတ်သော ရင်ကြားစေ့ရေးရှိဖို့ လိုအပ်သည်မှာ အထူးပြောဖွယ်ရာမရှိပါ။ စစ်မှန်သော ညီညွတ်ရေးတည်ဆောက်မှုသည် အချိန်ယူရသည်၊ မတူကွဲပြားမှုများကို လက်ခံရမည်မှာ ပဓာနအခြေခံဖြစ်သည်။ အားလုံးပါဝင်နိုင်ရေးမူကို လက်ခံရသည်။ အစိုးရများ၊ လွှတ်တော်များ၊ တပ်မတော်၊ ပါတီများ၊ ပြည်သူလူထု၊ တိုင်းရင်းသားလူမျိုးစုအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ စသည်ဖြင့် အားလုံး၏ ပါဝင်ပတ်သက်မှုအပေါ် အခြေခံသည့်ညီညွတ်ရေးကိုတည်ဆောက်ယူကြရသည်။ တောင်းဆိုမှုများကြားမှ သူ့ဘက်ကိုယ့်ဘက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေပြီး မည်သည့်ဘက်ကိုမျှ အသာစီးမရရှိစေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အနှစ်သာရသည် အရည်အသွေးပြည့်ဝသည့် စေ့စပ်ညှိနှိုင်းမှုပင်ဖြစ်သည်။ ပေးထားချက်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သည် အမျိုးသားညီညွတ်ရေး၏ အခြေခံအုတ်မြစ်သဖွယ် ယနေ့တိုင်ရှိနေဆဲဖြစ်သည်မှာ လက်တွေ့ကျသောရှုမြင်မှုတစ်ရပ်ဖြစ်သည်။

**ပြည်ထောင်စုစစ်စစ် အိပ်မက်အပြည့်အဝရပြီလား**

ကျွန်တော်တို့အားလုံးထံတွင် ငြိမ်းချမ်းရေးသန္နိဋ္ဌာန်တွေ ခိုင်မာလာပြီလား။ မတူကွဲပြား ပါဝင်သက်ဆိုင်သူအားလုံးတွင်တော့ ဘုံမျှော်မှန်းချက် တညီတညွတ်တည်း ချမှတ်ခဲ့ကြပြီးဖြစ်သည်။ ယင်းမှာ ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံ၍ ပြည်ထောင်စုကို တည်ဆောက်မည်ဆိုသည့် **“ပြည်ထောင်စု”** အိပ်မက်ပင်ဖြစ်သည်။ ယခုအချိန်တွင်မူ ပြည်ထောင်စု၏ အနာဂတ်ကို ပုံဖော်နိုင်မည့် လမ်းကြောင်းတစ်ခုပေါ်တွင် ရောက်နေသည်ဟူ၍တော့ ခံစားမိသည်။ လေးကြိမ်တိုင် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ အစည်းအဝေးများနှင့်အတူ ပြည်ထောင်စုသဘောတူစာချုပ်၏ အပိုင်း ၃ ခုအထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အချက်ပေါင်း ၇၁ ချက်နှင့် ဇယား ၁ ခုအထိ သဘောတူညီချက်ရရှိနိုင်ခဲ့ခြင်းက သက်သေပင်ဖြစ်သည်။

သို့သော်လည်း ပြည်ထောင်စုအိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ရန်ကိုမူ ဆက်လက်ကြိုးပမ်းအားထုတ်နေရပါဦးမည်။ ဘယ်လိုဒီမိုကရေစီမျိုးလဲ၊ ဘယ်လိုဖက်ဒရယ်မျိုးလဲ သဘောထားကွဲလွဲမှုများက ရှိနေဆဲပင်ဖြစ်သည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ဖြေရှင်းနေရဆဲဖြစ်သည်။ အရှည်ကြာဆုံး ပြည်တွင်းပဋိပက္ခများကို အပြီးတိုင်ချုပ်ငြိမ်းနိုင်မည့် အပေးအယူ၊ အလျှော့အတင်းများစွာဖြင့် လက်တွေ့လုပ်ကိုင်ပြနိုင်စွမ်းသည့် တကယ့်အရည်အချင်းတစ်ရပ်ပင်ဖြစ်သည်။ ၎င်းအရည်အချင်းတစ်ရပ်ကို ဆက်လက်အားကောင်းစေရန် တည်ဆောက်နေရဆဲဖြစ်သည်။

**Teamwork အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ်**

ပြည်ထောင်စုစစ်စစ်အတွက် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်နေဖို့ လိုအပ်ပါသည်။ အပေါ်ယံ ဟန်ပြညီညွတ်ပြရုံနှင့် ပြည်ထောင်စုစိတ်ဓာတ် ဖြစ်ပေါ်မလာနိုင်ပါ။ တိုင်းရင်းသားများ၊ ပြည်သူများ၊ ခေါင်းဆောင်များအားလုံး ပါဝင်ပတ်သက်သူအားလုံး၏ အတွင်းအဇ္ဈတ္တမှာကတည်းက ကိန်းအောင်းနေပြီးသော စိတ်ဓာတ်အရင်းခံသည့် စိတ်ထားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ရပါမည်။ အားလုံးသည် တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ သဘောထားအပ်သော၊ ဒီရေ၊ ဒီလေ၊ ဒီမြေကို ကိုယ့်မြေကိုယ့်ရေကိုယ့်ပိုင်နက်သဖွယ် စွဲမြဲစွာခံယူသော၊ ဘယ်တိုင်းရင်းသား ဘယ်မျိုးနွယ်ပင်ဖြစ်ဖြစ် ဒုက္ခဘေးအန္တရာယ်တွေ့ရလျှင်၊ တိုက်ခိုက်ခံရလျှင် မိမိတို့ပါ ထိခိုက်ခံရသကဲ့သို့ အေးအတူ ပူအမျှ မျှဝေခံစားသောစိတ်ဓာတ်ဖြင့် ကျောချင်းကပ်၊ ရင်ချင်းအပ်၍ ရပ်တည်အသက်ပေး ကာကွယ်ပေးလိုသောစိတ်ဓာတ်၊ တစ်ဦးတစ်ယောက်၏ အားနည်းချက်ကို အားသာချက်ဖြစ်အောင် ဖာထေးပြုပြင်ပေးနိုင်သော စိတ်ဓာတ်များပင်ဖြစ်သည်။ ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်၏အရင်းခံသည် Teamwork ဟုခေါ်သည့် စုပေါင်းအား၊ စုစည်းအားပင်ဖြစ်သည်ဟု နားလည်မိပါသည်။ မည်သည့်နယ်ပယ်မှာပင်ဖြစ်ပါစေ Teamwork က အရေးကြီးသည်ဟုဆိုသော်လည်း ထင်သလောက် တည်ဆောက်ရန် မလွယ်ကူသည့် စိတ်ဓာတ်ခွန်အားတစ်ရပ်ဖြစ်သည်ဟုလည်း အတွေ့အကြုံများက ပြသနေပါသည်။ မိမိတို့တွင် တူညီသောပန်းတိုင်တော့ ရှိနေပါပြီ။ သို့ဆိုလျှင် အဘယ်ကြောင့် ခက်ခဲနေရဆဲဖြစ်နေရပါသနည်း။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ နားလည်ခံစားပေးမှု၊ လုပ်ဆောင်ချက်များ ပွင့်လင်းမြင်သာမှု၊ တန်ဖိုးထားနိုင်မှုနှင့် တန်ဖိုးထားတတ်မှု၊ အပေးအယူသာတူညီမျှမှုနှင့် ဉာဏ်ပညာအမြော်အမြင်ရှိမှု စသည့်အရာများကို မှန်မှန်ကန်ကန်အသုံးချနိုင်ရန်တော့ ဆက်လက်ကြိုးပမ်းအားထုတ်ကြရပါဦးမည်။ ဤအရည်အသွေးများသည် လက်တွေ့ကျကျ ပိုင်ဆိုင်ရမည့် အရည်အချင်းများသာဖြစ်သည်။ စိတ်ဓာတ်ကောင်းမှ Teamwork ကောင်းသလို Teamwork ကောင်းမှလည်း စုပေါင်းစိတ်ဓာတ်၊ ညီညွတ်မှုစွမ်းအားကိုရရှိစေကာ ရလဒ်ကောင်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**အောင်မြင်သောစေ့စပ်ညှိနှိုင်းမှုအတွက် ရရှိပြီးအားသာချက်များ**

ယနေ့အချိန်အခြေအနေကား အခွင့်အလမ်းပေါင်းများစွာကို ပိုင်ဆိုင်ဆုပ်ကိုင်ထားနိုင်သော အခါကာလတစ်ခုဟု ဆိုချင်ပါသည်။ ကျယ်ပြောသော လမ်းကြောင်းပေါ်တွင် ရွေးချယ်စရာ လမ်းသွယ်ပေါင်းများစွာရှိနေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက် အကြိမ်ပေါင်းများစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် ရလဒ်များနှင့်အတူ ရှေ့ခရီးအတွက် ရရှိပြီးသောအားသာချက်များကိုလည်း ပိုင်ဆိုင်ပြီးဖြစ်သည်။ ဆွေးနွေးဖက်များအကြား နားလည်မှု၊ ရင်းနှီးမှုများ ပိုတိုးလာကြပြီဖြစ်သည်။

တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုများ ရှိလာကြသည်။ သံသယများ လျော့ပါးလာကြသည့်အလျောက် ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိလာကြမည်ဖြစ်သည်။ ၎င်းအားသာချက်များကို စုစည်းမှုကောင်းကောင်း၊ စိတ်သဘောထားပြည့်ဝမှုဖြင့် ပေါင်းစပ်နိုင်မည်ဆိုလျှင် တန်းတူညီမျှမှုကိုအခြေခံသည့် ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။ ပြည်ထောင်စုစစ်စစ်ကို ထုဆစ်နိုင်မည့် ငြိမ်းချမ်းရေးသန္နိဋ္ဌာန်ကို ပြသရမည့်အချိန်အခါကောင်းသည် ယခုအချိန်ပင်ဖြစ်ပါသည်။ အစွဲကင်းသည့် ဘက်မလိုက်မှုများဖြင့် ယခုထက်ပိုမိုသော၊ ထိရောက်သော အချင်းချင်း ပြောဆိုဆက်ဆံမှုများသည်သာ အောင်မြင်သော စေ့စပ်ညှိနှိုင်းမှုကို ဖြစ်စေပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လူတိုင်းလူတိုင်းသည် မည်သို့မည်ပုံဖြင့် မိမိ၏ နောက်ဆုံးအချိန်ဖြစ်မည်ကို မည်သူမျှ မခန့်မှန်းနိုင်ပါ။ အသက်ရှင်နေသည့် တစ်ရက်၊ တစ်မိနစ်၊ တစ်စက္ကန့်တိုင်းသည် ငြိမ်းချမ်းရေးအတွက် အရေးကြီးပါသည်။ ပြည်သူအားလုံးအတွက် ရှင်သန်မှု၊ တိုင်းရင်းသားအားလုံး ပျော်ရွှင်မှုများပေးနိုင်ရန်၊ အပြုံးပန်းများဆင်နိုင်ရန် နှောင့်နှေးစေသည့်အရာဟူ၍ ဘယ်အရာမှ မရှိသင့်တော့ပါ။ အမှန်အားဖြင့် ငြိမ်းချမ်းရေးဟူသော သဘောတရားသည် အချိန်တိုင်းကြိုးပမ်းနေရမည်၊ လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်နှင့်အတူ စဉ်ဆက်မပြတ်ဖော်ဆောင်နေရမည့် သဘောတရားတစ်ခုဖြစ်သည်။ သို့မှသာ အားလုံးမျှဝေခံစားနိုင်မည့်ဖွံ့ဖြိုးမှုကို ပြည်သူပြည်သားအားလုံး ရရှိခံစားနိုင်လိမ့်မည်ဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သည့် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်လိမ့်မည်ဖြစ်သည်။ အတားအဆီး၊ အနှောင့်အယှက်မှန်သမျှ ကျော်လွှားနိုင်မည့် ပြည်ထောင်စုစိတ်ဓာတ် အားလုံးပိုင်ဆိုင်နိုင်ကြပါစေကြောင်း ထပ်လောင်းကတိပြုကြပါစို့။ ။

❖ **ဆွေးနွေးဖက်များအကြား နားလည်မှု၊ ရင်းနှီးမှုများ ပိုတိုးလာကြပြီဖြစ်သည်။ တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုများ ရှိလာကြသည်။ သံသယများ လျော့ပါးလာကြသည့်အလျောက် ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိလာကြမည်ဖြစ်သည်။ ၎င်းအားသာချက်များကို စုစည်းမှုကောင်းကောင်း၊ စိတ်သဘောထားပြည့်ဝမှုဖြင့် ပေါင်းစပ်နိုင်မည်ဆိုလျှင် တန်းတူညီမျှမှုကိုအခြေခံသည့် ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။ ပြည်ထောင်စုစစ်စစ်ကို ထုဆစ်နိုင်မည့် ငြိမ်းချမ်းရေးသန္နိဋ္ဌာန်ကို ပြသရမည့်အချိန်အခါကောင်းသည် ယခုအချိန်ပင်ဖြစ်ပါသည်။ အစွဲကင်းသည့် ဘက်မလိုက်မှုများဖြင့် ယခုထက်ပိုမိုသော၊ ထိရောက်သော အချင်းချင်း ပြောဆိုဆက်ဆံမှုများသည်သာ အောင်မြင်သော စေ့စပ်ညှိနှိုင်းမှုကို ဖြစ်စေပါသည်**

# တက္ကသိုလ်စိန်ခေါ်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေး မူဝါဒကော်မရှင်နှင့် ပါမောက္ခချုပ်များ ကော်မတီတို့၏ ဦးဆောင်မှုဖြင့် အမျိုးသားအဆင့်မြင့်ပညာဖွံ့ဖြိုးရေးကျောင်း (National Institute for Higher Education Development – NIHED)၊ Advance HE နှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်းကျင်းပသည့် တက္ကသိုလ်စိန်ခေါ်မှုများ (University Challenges) ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**အွန်လိုင်းစနစ်ဖြင့် တက်ရောက်**

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုး၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဗြိတိသျှကောင်စီမှ ဌာနေကိုယ်စားလှယ် Ms. Sarah Deverall၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန၏ ပင်မတန်ဖိုးထားသည့် မျှော်မှန်းချက်များ (Core Values of Goals) ဖြစ်ကြသော (၁) မျက်မှောက်ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားရိုင်းပင်းကူညီတတ်သော ကမ္ဘာ့လူသားကောင်းဖြစ်မှု၊ (၂) ပူးပေါင်းသင်ယူခြင်း၊ ပူးပေါင်းလုပ်ကိုင်ခြင်း၊ ပူးပေါင်းနေထိုင်ခြင်းတို့ကို အသင်းအဖွဲ့ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှု၊ (၃) စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံ၍ ကောင်းမွန်စွာ ဆောင်ရွက်တတ်ခြင်း၊ မှန်ကန်မှုရှိသော ကိစ္စရပ်များကိုသာ ဆောင်ရွက်ခြင်း၊ (၄) ကမ္ဘာကြီးအတွက် အကောင်းဆုံး ဆောင်ရွက်ပေးနိုင်မည့် ပိုမိုတိုးတက်ကောင်းမွန်သော နည်းလမ်းများကို ရှာဖွေလေ့လာဖော်ထုတ်တတ်သည့် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှုများကို ပိုင်ဆိုင်ကြစေရန် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) ကို အခြေခံလျက် အရည်အသွေးရှိသောပညာရေးကို ဦးတည်ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းကာ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးကသာလျှင် ၂၁ ရာစုကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပိုမိုဆိုးရွားသည့် မညီမျှမှုများကို တားဆီးကာ အားလုံးအတွက် ပြည့်စုံလှပသော အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

**ထောက်ပြခဲ့ကြ**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁)၏ ပညာရေးကဏ္ဍ အစီရင်ခံစာနှင့် ပြည်တွင်း ပြည်ပ ပညာရှင်များက မြန်မာနိုင်ငံ၏ ဆရာအတတ်ပညာရေးစီမံခန့်ခွဲမှုကဏ္ဍရှိ စိန်ခေါ်မှုများကို ထောက်ပြခဲ့ကြပါကြောင်း၊ ဆရာခန့်ထားရေး၊ ဆရာ လုပ်ငန်းဆိုင်ရာမူဝါဒ၊ ကျောင်းအုပ်ကြီးများအတွက် စီမံခန့်ခွဲမှုသင်တန်း၊ ဘွဲ့ကြို ဆရာဖြစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှု၊ လုပ်ငန်းခွင် ဆရာများအတွက် မွမ်းမံသင်တန်းများ၊ သင်ကြားသင်ယူမှုအတွက် ထိရောက်သော အိုင်စီတီအသုံးပြုမှုနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကိစ္စရပ်များကို ထောက်ပြခဲ့ကြပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ဤစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ၂၀၁၆ ခုနှစ်မှစတင်၍ ပညာရေးနှင့် အင်္ဂလိပ်စာတွင် ရလဒ်ကောင်းများရရှိရေးအစီအစဉ် (Towards Results in Education and English–TREE) နှင့် မြန်မာနိုင်ငံရှိ ဆရာအတတ်ပညာ အရည်အသွေး မြင့်မားရေး (Strengthening Teacher Education in Myanmar–STEM) စသည့် စီမံချက်များကို ဗြိတိသျှကောင်စီနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။



ထို့အပြင် လွတ်လပ်စွာစီမံခန့်ခွဲသည့် တက္ကသိုလ်များဖြစ်လာရေးကို ဦးတည်လျက် တက္ကသိုလ် ၂၁ ကျောင်းအပါအဝင် တက္ကသိုလ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ နည်းပညာနှင့် အခြေခံအဆောက်အအုံ ဖြည့်ဆည်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဦးစားပေးလုပ်ငန်းစဉ်များအနေဖြင့် ဆရာများ၊ ဝန်ထမ်းများ၊ ကျောင်းသားများ၊ ဘဝတစ်သက်တာ သင်ယူသူများ၊ ပြည်ထောင်စုတိုင်းရင်းသားများအားလုံးတို့၏ အင်္ဂလိပ်စာနှင့် အိုင်စီတီအရည်အသွေး မြှင့်တင်ရေး၊ အမျိုးသားပညာအရည်အချင်းမူဘောင် သတ်မှတ်ခြင်း၊ တက္ကသိုလ်ပင်မစီမံကိန်းနှင့် တက္ကသိုလ်ပဋိညာဉ်စာတမ်း ရေးဆွဲခြင်း၊ ဝန်ထမ်းရာထူး ခန့်၊ ပြောင်း၊ တိုးမြှင့်ရေး၊ တက္ကသိုလ်ဝင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း အခြေပြု ဘွဲ့သင်တန်းများနှင့် သင်ရိုးညွှန်းတမ်းများ၊ Credit Transfer စနစ်၊ သင်ကြားသင်ယူမှု၊ စစ်ဆေးအကဲဖြတ်မှု၊ သုတေသန၊ ကျောင်းနှင့် လုပ်ငန်းခွင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု၊ အရည်အသွေးအာမခံမှုနှင့် ပညာအရည်အချင်း အသိအမှတ်ပြုမှုတို့အတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက္ကသိုလ် ၂၁ ကျောင်းမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ပါမောက္ခများ၊ ဌာနမှူး (စီမံ/သင်တန်း) များ စုစုပေါင်း ၁၀၅ ဦး တက်ရောက်လျက်ရှိပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စ ဂျောင်ဟော ခယောင်းနှင့် ဒုတိယ ဌာနေကိုယ်စားလှယ် မစ္စ ယူကီကို အီရီယာမာ တို့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ မဟာဗျူဟာစီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှု



နောက်ဆက်တွဲ သဘောတူစာချုပ် အတည်ပြုပါဝင်မှုနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှု၊ ရခိုင်ပြည်နယ်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE)၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (UPR)နှင့်စပ်လျဉ်းသည့် တတိယအကြိမ် အစီရင်ခံစာ တင်သွင်းခြင်းနှင့် ယင်းအစီရင်ခံစာအပေါ် ဇန်နဝါရီ ၂၅ ရက်တွင် သုံးသပ်မှုခံယူခဲ့ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

**ပြန်လည်ဆွေးနွေး**

ထို့နောက် UNHCR ဌာနေကိုယ်စားလှယ် မစ္စ ဂျောင်ဟောခယောင်းက အခြားနိုင်ငံများတွင် ရှေ့နေချုပ်ရုံးနှင့် UNHCR တို့ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မိမိတို့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ တိုးတက်ကောင်းမွန်သည့် ဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ UNHCR အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များ ပြန်လည်ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်၌ အားကစားဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၆**

ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ အားကစားဆိုင်ရာ ဆွေးနွေးပွဲ(Talk show)ကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ Talk Show အစီအစဉ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စံပယ်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းတို့က Physical Fitness Dance ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုနိုင်မှု အခြေအနေများ၊ ပြိုင်ပွဲဝင်ရောက်နိုင်မည့်အခြေအနေများ၊ ကိုဗစ်ကာလအတွင်း အသက်အရွယ်မရွေး ပြုလုပ်နိုင်သည့် အားကစားများနှင့် မြို့နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ ပြိုင်ပွဲဝင်နိုင်သည့် Physicsl Fitness Dance ပြိုင်ပွဲအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ကိုဗစ်ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အထောက်အကူဖြစ်စေရေးအတွက် မြို့နယ်တိုင်းတွင် Physical Fitness Dance ပြိုင်ပွဲများကို အိမ်တွင်နေထိုင်ကာ အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးထားခြင်းကြောင့် ပြည်သူများအနေဖြင့် ပြိုင်ပွဲကို လွယ်ကူစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြကာ စိတ်ဝင်စားစွာ ပါဝင်ခဲ့ကြပြီး ချမ်းမြသာစည်မြို့နယ်အတွင်း၌ ပွဲစဉ် (၇) ပြီးဆုံးချိန်တွင် မြို့နယ်အားကစားမှူးနှင့်အတူ ပြိုင်ပွဲဝင် ဦးရေ ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဖို့ စည်းကမ်းများကို လိုက်နာစို့**

# စပါး၊ ငါးသုတေသနနှင့် သရုပ်ပြကန်များ တိုးချဲ့ဆောင်ရွက်

**မအူပင် ဇန်နဝါရီ ၂၆**

ဆန်စပါးသုတေသနအဖွဲ့ World Fish၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စပါး၊ ငါးသုတေသနနှင့် သရုပ်ပြကန်များ တိုးချဲ့တူးဖော်ခြင်း လုပ်ငန်းခွင်သို့ ယနေ့တွင် မအူပင်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးမိုးအောင်၊ မြို့နယ်ဦးစီးမှူး ဦးသာအေး၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ တလုပ်လှငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်အေးအေးမင်းတို့ ပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေး၍ ကန်တူးဖော်ခြင်း ပုံစံ၊ ငါးထည့်သွင်းရန်အတွက် ရေအရည်အသွေးပြုပြင်မှုများ၊ ထည့်သွင်းလိုသည့် ငါးအမျိုးအစားနှင့် အကောင်ရေတို့ကို ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

မအူပင်မြို့နယ် လက်ခုပ်ကျေးရွာတွင် စပါး၊ ငါးသုတေသနနှင့် သရုပ်ပြကန် တစ်ကန်ကို တူးဖော်ဆောင်ရွက်လျက်ရှိပြီး တမံလေး၊ ရွှေတောင်မှော်၊ ညောင်ဝိုင်းကျေးရွာတို့တွင် တိုးချဲ့၍ စပါး၊ ငါးသုတေသနနှင့် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ တင်ပြဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံသို့ ပထမအသုတ်အနေဖြင့် ရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးကို ဇန်နဝါရီ ၂၇ ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ထမ်းများကို စတင်ထိုးနှံတော့မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လတ်တလောလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ထပ်မံ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည့် အချက်များကို ဆွေးနွေးရန် ယခုအစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် အခြားသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေရုံသာမက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများကိုပါ အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်နေသည့်အတွက် ကျေးဇူးတင်ရှိ အသိအမှတ်ပြုပါကြောင်း။

**ဆက်လက်လေ့လာနေ**

ကမ္ဘာတစ်ဝန်းတွင် ပေါ်ပေါက်ထိုးနှံအသုံးပြုနေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ဓာတ်ခွဲခန်းနှင့် သုတေသနလေ့လာစမ်းသပ်ရာတွင် စွမ်းရည်ထက်မြက်မှု (efficacy) ရှိသည်ကိုသာ သိရှိရသေးပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်ကြိမ်ထိုးနှံပြီးနောက် ရောဂါကာကွယ်မှု စွမ်းရည်မည်မျှရှိမည်၊ ကာကွယ်နိုင်သည့် အချိန်ကာလအတိုင်းအတာ မည်မျှရှိမည်စသည့် အချက်များကို ဆက်လက်လေ့လာနေပြီး မကြာမီ ပိုမိုသိရှိလာမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဆေးထိုးထားသူအတွက် ရောဂါကာကွယ်မှု အတိုင်းအတာတစ်ခုအထိ ပေးနိုင်သော်လည်း ထိုသူမှတစ်ဆင့် အခြားသူများထံ ရောဂါကူးစက်နိုင်မှု အခြေအနေကို နိုင်ငံတကာတွင် ဆက်လက်လေ့လာလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူများ အနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (mask) များ မတပ်ဆင်ခြင်းကဲ့သို့သော အပြုအမူမျိုး (လုံးဝ) လုပ်ဆောင်၍မရပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူဖြစ်စေ၊ မထိုးနှံရသေးသူဖြစ်စေ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများကို ဆက်လက်၍ တိကျစွာ မဖြစ်မနေလိုက်နာကျင့်သုံးနေရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များအကြား ဆက်သွယ်ချိတ်ဆက်မှုလမ်းကြောင်းများသည် ကာကွယ်ဆေးထိုးနှံသည့် ကိစ္စရပ် အောင်မြင်နိုင်ရန် အထူးအရေးကြီးသဖြင့် ကာကွယ်ဆေး ဆက်လက်ထိုးနှံမည့် ကာလတစ်လျှောက်လုံး အမြဲမပြတ် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နေရမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးအာနိသင် မလျော့ကျစေရေးအတွက် ကာကွယ်ဆေးအအေးလမ်းကြောင်းစနစ်နှင့် ထားသိုမှုစနစ်အပြင် ဆေးထိုးသည့်အချိန်၌လည်း သတ်မှတ်ထားသော စံအတိုင်းဖြစ်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူ ဆရာဝန်နှင့် ဆရာမများက ဦးစီးပေး ကြီးကြပ်ကြစေလိုပါကြောင်း၊ ဗဟိုမှပေးပို့ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုနှင့် ထိုးနှံပြီး ဆက်လက်စောင့်ကြပ်ကြည့်ရှုရမည့်ကိစ္စရပ်များနှင့် ပတ်သက်သော လုပ်ငန်းလမ်းညွှန်အားလုံးကိုလည်း သေချာစွာ အပြန်အလှန်ဖတ်ရှုထားကြရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် နေရာဒေသအလိုက် သွားလာရခက်ခဲမှုအခြေအနေ၊ လုံခြုံရေးအခြေအနေ၊ ထိုးနှံရမည့် လူဦးရေစသည်တို့ မတူညီသဖြင့် ထိုးနှံမည့်ရက် အတိုင်းအတာလည်း တစ်ပြေးညီတူညီရန် မလိုပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများအနေဖြင့် ဗဟိုမှတာဝန်ရှိသူများနှင့် တိုင်ပင်ကာ လိုအပ်သလို ချိန်ဆပြောင်းလဲ၍ လုပ်ကိုင်နိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအတွက် သဏ္ဌာန်တူစားပွဲတင်လေ့ကျင့်ခန်းများ၊ မွမ်းမံသင်တန်းများ ပြုလုပ်ထားကာ ကြိုတင်ပြင်ဆင်ထားမှုများနှင့်အညီ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများ ရှိသော်လည်း မမျှော်မှန်းနိုင်သော ကိစ္စရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်ချဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အပြင် ပြည်သူများ၏ အသံကိုလည်း အမြဲတမ်းနားထောင်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အဆင့်မွမ်းမံသင်တန်းများပြုလုပ်ထားမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရောက်ရှိမှုအခြေအနေ၊ ကာကွယ်ဆေးများသိုလှောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဖြန့်ဝေခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း၊ ကာကွယ်ဆေးထိုးစုရပ်များ စနစ်တကျ စီစဉ်ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးပြီးနောက်ဆက်တွဲပြဿနာများကို စောင့်ကြပ်စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းကို မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ ပြည်သူလူထုကို ဆက်သွယ်ပြောဆိုခြင်း လုပ်ငန်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စာရင်းများပြုစုထားရှိမှုနှင့် အခက်အခဲ၊ ကာကွယ်ဆေးထိုးနှံမည့်နေရာ ပြင်ဆင်ထားရှိမှု၊ ကာကွယ်ဆေးထိုးနှံပေးမည့်အဖွဲ့များနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ ဖွဲ့စည်းထားပြီး တာဝန်ချထားမည့်အစီအစဉ်၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲပြဿနာများကိုစောင့်ကြပ်ကြည့်ရှုမည့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးပြီး ဖြည့်ဆည်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ (National Immunization Technical Advisory Group – NITAG) နှင့် ကာကွယ်ဆေးထိုးပြီးနောက် ဖြစ်ပေါ်သော နောက်ဆက်တွဲပြဿနာများကို နည်းပညာဖြင့် အကြောင်းရင်းရှာဖွေဆုံးဖြတ်ရန် စီမံခန့်ခွဲမှုကော်မတီ (Adverse Events Following Immunization Management Committee) တို့နှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများအတွက် အကြံပြုချက်များ ရယူဆွေးနွေးသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ထိုသို့ ဆွေးနွေးရာတွင် ယခုပထမအသုတ်ရောက်ရှိ ထိုးနှံမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှု (vaccine safety) ကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးနှံရန် စီစဉ်ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးနှံရာတွင် ကြုံတွေ့နိုင်သည့် ကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးနှံရာတွင် ကောလာဟလများ၊ သတင်းအမှားအမျိုးမျိုး ပေါ်ပေါက်လာမည့် ကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးနှံပြီးနောက် စောင့်ဆိုင်းသည့်နေရာတွင် မိနစ် ၃၀ ခန့် စောင့်ဆိုင်းရမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံပြီးလျှင် သာမန်လက္ခဏာများ ရာခိုင်နှုန်း အနည်းအများရှိမှု၊ ပြင်းထန်သော တုံ့ပြန်မှုရှိပါက ကာကွယ်ဆေးထိုးနေရာတွင် ချက်ချင်းပြုစုကုသမှုပေးမည့်ကိစ္စ၊ နေအိမ်သို့ ပြန်ရောက်ပြီးနောက်တွင် မည်သို့သော လက္ခဏာများရှိပါက မည်သူ့ထံသို့ ဆက်သွယ်ရမည်နှင့် မည်သည်တို့လုပ်ဆောင်ရမည်ကို ကာကွယ်ဆေးထိုးနှံခံမည့်သူများအား အသိပေးထားမည့်ကိစ္စအပါအဝင် ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုကို ဆက်သွယ်ပြောဆိုခြင်းလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးပြီးနောက်ဆက်တွဲပြဿနာများကို စောင့်ကြပ်စစ်ဆေးခြင်း လုပ်ငန်းနှင့် ပတ်သက်သော ကိစ္စရပ်များ၊ ကာကွယ်ဆေး၏ တုံ့ပြန်မှု (reaction) ရှိနိုင်ရုံသာမက စိုးရိမ်ကြောင့်ကြမှု (Immunization anxiety-related reaction)နှင့် ကာကွယ်ဆေးကြောင့်မဟုတ်ဘဲ အခြားသောအကြောင်းများကြောင့်ဖြစ်သော တိုက်ဆိုင်မှုဖြစ်ရပ်(Coincidental event) များလည်း ရှိနိုင်မှုစသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ဆွေးနွေးအကြံပြုမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ပြီး ယခုကဲ့သို့ အငြိမ်းစား ပါမောက္ခကြီးများနှင့် ပညာရှင်ကြီးများက ပြည်သူများ အကျိုးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းကိစ္စများတွင် ကြိုးပမ်းပါဝင်ဆောင်ရွက်နေမှုများနှင့် ကျွမ်းကျင်မှုပိုင်းပညာရပ်ဆိုင်ရာ အကြံပြုမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယနေ့ ဆွေးနွေးပွဲများသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဗဟိုတိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်း တာဝန်ရှိသူများ၊ အငြိမ်းစား ပြည်သူ့ကျန်းမာရေး ပညာရှင်ကြီးများ၊ ကာကွယ်ဆေး ပညာရှင်ကြီးများ၊ ဆေးပညာပါမောက္ခများ၊ ကလေးဆေးပညာ ပါမောက္ခများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၄၁) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ဘရာဇီးမှ တစ်ဦး၊ ဂျာမနီမှ သုံးဦး၊ နော်ဝေမှ လေးဦး၊ အီဂျစ်မှ တစ်ဦး၊ ဆွစ်ဇာလန်မှ တစ်ဦး၊ အီတလီမှ လေးဦး၊ အမေရိကန်ပြည်ထောင်စုမှ လေးဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၆၇ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၈၅ ဦး လိုက်ပါကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# e-ID စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များ ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၆**

e-ID စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်း စီမံကိန်း လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တာဝန်ယူဆောင်ရွက်**

အခမ်းအနားတွင် e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံ၏ e-Government စနစ်၏ အခြေခံကျသည့်လုပ်ငန်းဖြစ်သည့် e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ ယင်းလုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး မိမိတို့ဌာနအနေဖြင့် အတွေ့အကြုံ နည်းပါးသေးသည့်အတွက် ဝန်ကြီးဌာနအားလုံး ပူးပေါင်းပါဝင်မှု၊ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များဖြင့် အားလုံးပေါင်းစပ်ဆောင်ရွက် လုပ်ဆောင်ခဲ့ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် ပြီးခဲ့သည့် လေးနှစ်ကျော် ကတည်းကပင် e-ID စနစ်ကို စတင်လေ့လာခြင်း၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ IT ကုမ္ပဏီများမှ လာရောက်ရှင်းလင်းဆွေးနွေးခြင်းနှင့် e-ID ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ e-ID စနစ်လုပ်ငန်းကော်မတီ၏ လက်အောက်တွင်လည်း လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်မည့် ဆပ်ကော်မတီ အသီးသီးကိုလည်း e-Government ဦးဆောင်ကော်မတီသို့ တင်ပြအတည်ပြုချက် ရယူဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်အဆင့်ဆင့်သို့ တင်ပြရှင်းလင်းပြီး e-ID စနစ်နှင့်ပတ်သက်သည့် ဥပဒေပြင်ဆင်ရေးကိုလည်း သက်ဆိုင်ရာဌာနများသို့ တင်ပြဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကော်မတီအဆင့်ဆင့်တွင် ပါဝင်၍ လုပ်ငန်းဆိုင်ရာများကိုလည်း ရှင်းလင်းချပြပြီးဖြစ်ပါကြောင်း၊ ပြည်သူများကိုလည်း e-ID စနစ်နှင့်ပတ်သက်သည်များကို မီဒီယာများမှတစ်ဆင့် အသိပေးဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် နည်းပညာဆိုင်ရာအကြံပေးအဖွဲ့ ဖွဲ့စည်းမည်ဖြစ်ရာ အိန္ဒိယနိုင်ငံအစိုးရမှ တာဝန်ပေးထားသည့် ပညာရှင်က နည်းပညာဆိုင်ရာအကြံဉာဏ်များကို အွန်လိုင်းမှ အကူအညီပေးလျက်ရှိပါကြောင်း၊ ယခုအခါ e-ID စနစ်လုပ်ငန်းကို နိုင်ငံဘတ်ဂျက်ဖြင့် ခွဲဝေချထားဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအား သတ်မှတ်စည်းမျဉ်း စည်းကမ်း လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းထားသည့် ဆပ်ကော်မတီအသီးသီးသည်လည်း လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် တာဝန်ရှိသူများက တစ်ဦးချင်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်ထားပြီးဖြစ်သည့် လုပ်ငန်းများ၏ မှတ်တမ်းမှတ်ရာများကိုလည်း စနစ်တကျ မှတ်တမ်းထားရှိ ဆောင်ရွက်ကြလိုပါကြောင်း၊ လုပ်ငန်းစဉ် အဆင့်တိုင်း လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရေး၊ လုပ်ငန်း ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရေးအတွက် အလေးထားဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ ပြည်သူ့အတွက် ထိရောက်သောဝန်ဆောင်မှုပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် တာဝန်ရှိသူများက e-ID စနစ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆပ်ကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အခြားသောဆက်စပ်ဥပဒေများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် e-ID ဆိုင်ရာ ဥပဒေတစ်ရပ်ရေးဆွဲနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အရှိန်အဟုန်မပျက် တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ e-ID စနစ် လုပ်ငန်း ကော်မတီဝင်များဖြစ်ကြသည့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့အငှားအိမ်ရာ အိမ်ခန်းပေါင်း တစ်သောင်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းတိုးတက်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတော်အစိုးရမှ အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများနေထိုင်ရေး အဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီတို့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်းပြီး ပြည်သူ့အငှားအိမ်ရာ (Public Rental Housing) အခန်းပေါင်း တစ်သောင်း တည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နေပြည်တော်မှ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အသင်းချုပ်သုံးခုတို့မှ ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်က ပြုလုပ်သည့် “ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီ” ၏ (၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရန် MCEF၊ MLCA၊ MDA အသင်းများမှ အစွမ်းကုန်ကြိုးစားအားထုတ်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ပါကြောင်း၊ မြေပြင်လုပ်ငန်းတိုးတက်မှုများ၊ လုပ်ငန်းအခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးရန် ယနေ့ ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း။



ပြည်သူ့အငှားအိမ်ရာစီမံကိန်း အခန်းတစ်သောင်းကို အချိန်တိုအတွင်း အကောင်အထည်ဖော်ရာတွင် လုံလောက်သော မြေနေရာရရှိရေး၊ Infrastructure များပြည့်စုံစေရေး၊ Engineering ပိုင်းဆိုင်ရာ Technical Issues များကို ဖြေရှင်းပေးနိုင်ရေး စသည်ဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းအတွက် လိုအပ်သောဘဏ္ဍာငွေများအနက် ၂၀၁၉-၂၀၂၀ ပိုလျှံရန်ပုံငွေမှ ငွေကျပ် ဘီလီယံ ၁၃၀ ရရှိထားပြီး ကျန်ငွေများကို MCEF၊ MLCA နှင့် MDA အသင်းတို့က စိုက်ထုတ်၍ အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်ရွက်ရန်အတွက် လုပ်ငန်းပြီးစီးအောင် ကြီးကြပ်ပေးရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ မှ ဝန်ကြီးများ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် အသင်းသုံးသင်းတို့မှ တာဝန်ရှိသူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြန်မာ့မြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝိတ်တို့က ပြည်သူ့အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို Power Point ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေး စီမံကိန်း ဦးစီးကော်မတီ အတွင်းရေးမှူး ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ရှင်းလင်းတင်ပြချက်များအပေါ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှုနှင့် လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်တို့က ပြည်သူ့အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် ဝင်ငွေနည်းပြည်သူများ၏ နေရေးဖြေရှင်းပေးနိုင်ရန်အတွက် ပြည်သူ့အငှားအိမ်ရာ အခန်းတစ်သောင်း ဆောက်လုပ်မည့် စီမံကိန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် အိမ်ရာအခန်းပေါင်း ၇၀၄ ခန်း၊ အဆောက်အအုံ လုံးရေ ၄၄ လုံး၊ ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်တွင် အိမ်ရာအခန်းပေါင်း ၆၂၈၈ ခန်း၊ အဆောက်အအုံ လုံးရေ ၃၉၃ လုံးနှင့် မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်တွင် အိမ်ရာအခန်းပေါင်း ၃၀၀၈ ခန်း၊ အဆောက်အအုံ ၁၈၈ လုံးကို ဆောက်လုပ်သွားမည်ဖြစ်သည်။

တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း (MLCA) နှင့် မြန်မာ့မြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(MDA)တို့မှ လုပ်သားအင်အားပေါင်း ၁၈၀၀၀ ကျော်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ အဆောက်အအုံနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းများ၏ ၂၅ ရာခိုင်နှုန်းအထိ ပြီးစီးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ချိန်က မြန်မာ့ရုပ်မြင်သတင်း ဘယ်လိုလွှင့်ခဲ့သလဲ...

## ခင်မောင်ညိုန်း

"ဟဲလို ... ဟဲလို... လွှတ်တော်သတင်းအခွေ မပြီးသေးဘူး။ တီးလုံးပြန်ကျော့ထားပေးပါ"

ဒါက တစ်ခါတလေ ည ၈ နာရီထိုးဖို့ တစ်မိနစ်၊ နှစ်မိနစ်အလိုမှာ စက်ခန်းကို လှမ်းပြောရတာမျိုး၊ သတင်းအစီအစဉ်စတဲ့အခါ ပထမဆုံးတင်ပြရမယ့် သတင်းအတွက် ဗီဒီယိုအခွေတည်းဖြတ်လို့ မပြီးသေးဘူး ဆိုရင် စတူဒီယိုစက်ခန်းကို အဲဒီလို ကြိုတင်ပြောထား ရတာ အကြိမ်ပေါင်းမနည်းလှ။

အစစအရာရာ သိပ်ကိုလွယ်ကူတဲ့ အခုလို ကွန်ပျူတာ အိုင်တီခေတ်နဲ့ ဟိုတစ်ချိန်တုန်းက လုပ်ကြရတဲ့ အခြေ အနေချင်းမတူဘူးလေ၊ ဘယ်လိုများ ကွာခြားလို့ပါလဲ။

### အဓိကရိုက်ကွက်တွေကို ကြိုတင်ရွေးချယ်

ပြည်သူ့လွှတ်တော် အစည်းအဝေးသတင်းအတွက် ပြင်ဆင်ရတယ်ဆိုကြပါစို့။ ကျွန်တော်တို့ကင်မရာအဖွဲ့က အလုံလမ်း ပြည်သူ့လွှတ်တော် (အခု ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်ရုံး) ထဲမှာ သွားရောက်ရိုက်ကူး တယ်။ မွန်းလွဲပိုင်း စည်းဝေးပွဲအပြီး ပြန်ယူလာတဲ့ ဖြက်သုည ဒသမ ၇၅ လက်မရှိ ဗီဒီယိုဖလင်ခွေတွေကို ဗီဒီယို အယ်ဒီတာက (များသောအားဖြင့် သီရိဂေဟာ ဦးအောင်မြင့် (ကွယ်လွန်) က တာဝန်ယူပါတယ်) စိစစ်ကြည့်ရှုရတယ်။ သတင်းမှာပါနိုင်မယ့် အဓိကရိုက်ကွက်တွေကို ကြိုတင် ရွေးချယ်ရပါတယ်။ အဲဒီအချိန်မှာ သတင်းစာသားက မရှိသေးပါဘူး၊ စာသားက အစောဆုံး ညနေ ၆ နာရီ၊ ၆ နာရီခွဲလောက်ကျမှ ရပါတယ်၊ အစည်းအဝေးက နေ့ခင်းကလုပ်တာပဲ။ ဘာဖြစ်လို့ အဲဒီလောက်နောက်ကျ တာလဲ မေးစရာပါ။

အဲဒီခေတ်အခါက မြန်မာ့အသံ သတင်းထောက်ရယ်လို့ခန့်ထားတာ သက်သက်မရှိပါဘူး။ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့ဘက်ရှိ မြန်မာ့သတင်းစဉ်က စုစည်း ပေးပို့တဲ့သတင်းတွေကို မြန်မာ့အသံရော၊ ကြေးမုံ၊ မြန်မာ့အလင်း၊ ဗိုလ်တထောင်စတဲ့ တခြားသတင်းစာတွေ အားလုံးကပါ ရွေးချယ်အသုံးပြုကြရပါတယ်။ လွှတ်တော် သတင်းမျိုး၊ VIP အရေးကြီးပုဂ္ဂိုလ်ပါတဲ့ သတင်းလိုမျိုး ဆိုရင် အထက်လူကြီးအဆင့်ဆင့်က ဖတ်ရှုစိစစ်အတည် ပြုပြီးမှ ကျွန်တော်တို့ဌာနက စေလွှတ်ထားတဲ့ ကားသမား က ယူလာရပါတယ်။ (တစ်ခါတလေလမ်းမှာ ကားဘီး ပေါက်ပြီ ကားပျက်ပြီဆိုရင် အတော်ခေါင်းခဲကြရပါတယ်။ အဲဒါဆို တယ်လီဖုန်းနဲ့ တစ်ဖက်ကဖတ်ပေး။ ဒီဘက်က လိုက်ရေးပေါ့)

ပြည်လမ်း မြန်မာ့အသံကို ညနေ ၆ နာရီလောက်မှာ ပထမတစ်သုတ်အဖြစ် နယ်သတင်းတွေ မနက်စောစော ပိုင်းက ဌာနဆိုင်ရာသတင်းတွေ ရောက်လာပါတယ်။ ကျွန်တော်က ရုပ်မြင်သတင်းတာဝန်ခံဆိုတော့ လက်ခံရယူ၊ သုံးသင့်၊ ပါသင့်တဲ့ သတင်းတွေ ရွေးထုတ်တည်းဖြတ်




ပြီး လက်နှိပ်စက်ရိုက်ဖို့ ပြင်ကြရတယ်။ မြန်မာ့အသံမှာ သတင်းဌာနအတွက် စာရိုက်သူ လက်နှိပ်စက်သမားတွေ က စပယ်ရှယ်လက်ရွေးစင်တွေဖြစ်ကြပြီး စက်သေနတ် ပစ်သလို တဖြောင်းဖြောင်း ရိုက်နိုင်သူတွေပါ၊ (ရုပ်မြင် သတင်းအတွက် ကိုကျော်ထွန်းက ပင်တိုင်၊ နောက်ပိုင်းမှာ ကိုပန်းမောင်က တာဝန်ယူပေးကြတယ်။)

### နိုင်ငံခြားသတင်း

နိုင်ငံခြားသတင်းတွေကိုတော့ ပြည်တွင်းသတင်း တွေမလာခင် ညနေ ၄ နာရီလောက်ကစပြီး ဘာသာပြန် ပေးပါတယ်။ အဲဒီသတင်းတွေကို မြန်မာ့သတင်းစဉ်က မော်တော်ဆိုင်ကယ်နဲ့ လာပို့တာပါ။ ကျွန်တော်က ထူးခြား တဲ့သတင်းတွေ ရွေးချယ်ပြီး ပါးစပ်က တတွတ်တွတ် ဘာသာပြန်ပေးတာကို ကိုကျော်ထွန်းနဲ့ ဒေါ်ဝင်းမေတို့က လက်နှိပ်စက်မှာ ရိုက်ပါတယ်။ ရုပ်မြင်သတင်းအတွက် ဖတ်ရတာ လွယ်ကူအောင် ဖူးစကတ်အရွယ် စက္ကူကို ကန့်လန့်ပိုင်းပြီး (၆ ဒသမ ၅ x ၈ လက်မအရွယ်) စာလုံး ခပ်ကြဲကြဲ ရိုက်ပေးရတယ်။ (Teleprompter ကင်မရာ အောက်နားက ဖန်သားပြင်မှာကြည့်လိုက်ရုံပဲ။)

အဲဒီအချိန်မှာ သတင်းကြေညာမယ့်သူတွေကို အကြိုင် (ကျောင်းကုန်း) က မိတ်ကပ်လိမ်းခြယ်ပေးပါတယ်။ ဆက်သွယ်ရေးဌာနကတစ်ဆင့်လာတဲ့ဂြိုဟ်တု ပြည်ပ သတင်း ၁၀ မိနစ်စာကို စောစောပိုင်းက ကြိုတင်ရိုက်ထား ရပါတယ်။ မိုးလေဝသသတင်းကိုလည်း ဖုန်းနဲ့ယူပြီး ပြင်ဆင်ထားပြီးပါပြီ။

ညနေ ၇ နာရီဝန်းကျင်မှာ သတင်းကားက ဒုတိယ အခေါက်ဝင်လာတော့ အရေးပါတဲ့သတင်းတွေ ပါလာပါ တယ်။ များသောအားဖြင့် နံပါတ် ၁ ထိပ်ဆုံးဖြစ်မယ့် သတင်းက အဲဒီအချိန်မှာမှ ပါတတ်တာပါ ကျွန်တော်က ဖတ်မယ့်သူအတွက် ခပ်သုတ်သုတ်တည်းဖြတ် ရိုက်ပေး ရသလို ဗီဒီယိုအရုပ်နဲ့ စာသားကိုက်ညီအောင် ဗီဒီယို အယ်ဒီတာ (ဦးအောင်မြင့်)က ကတိုက်ကရိုက် တည်းဖြတ် ရပါတယ်။ ဒီအချိန်မှာပဲ ပြည်တွင်းသတင်းဖတ်မယ့်သူက လက်နှိပ်စက်ရိုက်ပြီးသား သတင်းစာရွက်တွေကို လာကြည့် ပြီး ကင်မရာရှေ့မှာ အထစ်အငေ့ါမရှိ ချောချောမွေ့မွေ့ ဖတ်နိုင်ဖို့ သုံး၊ လေးခေါက်လောက် လေ့ကျင့်ဖတ်ရှုရ ပါတယ်။

ည ၈ နာရီမထိုးခင် ၁၅ မိနစ်လောက်အလိုမှာ သတင်းကြေညာမယ့်သူတွေက ရုပ်မြင်လွှင့်ထုတ်မယ့် စတူဒီယိုခန်းကိုသွားပြီး မီးချိန်တာတွေ၊ အသံချိန်တာတွေ လုပ်ရပါတယ်။ မီးချိန်တယ်ဆိုတာက အသားဖြူတဲ့သူ၊ ညိုတဲ့သူ လူကိုကြည့်ပြီး လိုက်ဖက်အောင် မီးလုံးနေရာ ရွှေ့ပေးတာပါ။ အသံချိန်တာကတော့ အသံတိုးသူ၊ ကျယ်သူ လိုအပ်သလို ညှိပေးရတာပါ။

### မိနစ်တွေက စားသွား

အခုခါလို ကွန်ပျူတာတွေမရှိသေးတော့ ဗီဒီယို တည်းဖြတ်တဲ့စက်တွေက အခွေသွင်းတဲ့ ထုတ်တဲ့အခါ တစ်ဆင့်ပြီးတစ်ဆင့် ကလစ်ကလောက်နဲ့ နေသားတကျ ဖြစ်ဖို့ အချိန်ယူပါတယ်။ သတင်းစာသားနဲ့ ကိုက်ညီ အောင် လုပ်တဲ့အခါ ဟိုတစ်ခွေက အရုပ်လိုရင် အဲဒီ တစ်ခွေထည့်လိုက် ပြီးရင်ပြန်ထုတ်လိုက်၊ နောက်တစ်ခွေ ထည့်လိုက်နဲ့ မိနစ်တွေက စားသွားပါတယ်။ ည ၈ နာရီ ထိုးခါနီးပြီဆိုရင် ဦးအောင်မြင့်ကို လောပေးရပါတယ်။ သမ္မတကြီးသတင်းလိုမျိုးဆိုရင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းကိုယ်တိုင် အနားက လာကြည့်တတ်ပါတယ်။ အမှားတစ်ခုခုလွဲချော်သွားရင် လူကြီးတွေက သူ့ကိုအရင် မေးမှာလေ။

ဒီလိုနဲ့ ၈ နာရီ ထိုးလုလုမှာ လွှင့်ထုတ်ရမယ့်အခွေ တည်းဖြတ်စက်ထဲက ထွက်လာရင် ပေ ၁၀၀ လောက် မှာရှိတဲ့စက်ခန်းကို အပြေးသွားပို့ရပါတယ်။ စက်ခန်း ထဲမှာလည်း စက်တွေက အခွေထည့်လိုက်ရင် ကလောက် ကလက် ဂျောက်ဂျက်နဲ့ မိနစ်ဝက်လောက် အချိန်ပေးမှ အဆင်သင့်ဖြစ်ပါတယ်။ ဒီတော့ အချိန်အတော်နီးနေပြီ ဆိုရင် တစ်ခါတလေ သတင်းတီးလုံးကို ပြန်ကျော့ခိုင်း ရတာမျိုး ဖြစ်လာတာပါ။ အားလုံးရယ်ဒီဆိုတော့မှပဲ ဆိုင်းသံကထွက်လာပါတယ်။

"ဗျောင်နောင့် ဗျောင့်နောင်၊ ဗျောင်နောင့် ဗျောင့်နောင် ဗျောင် ဗျောင် . . . ."

"ဗျောင်နောင့် ဗျောင့်နောင်၊ ဗျောင်နောင့် ဗျောင့် နောင် ဗျောင် ဗျောင် . . . ."

(အဲဒီလို ရင်တဖိုဖိုကာလတွေ ကြုံဖူးခဲ့ကြတဲ့ ဦးအောင်မြင့် (ကွယ်လွန်)၊ ဒေါ်ခင်အေးလွင် (ကွယ်လွန်)၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်ညွှန့်ညွှန့်သိန်း၊ ဦးလှဝင်း၊ ဦးသိန်းလှမော်၊ ဦးကျော်စိုးဦး၊ ဒေါ်အေးအေးသန်း၊ ဒေါ်နွယ်မာဝင်း၊ ဒေါ်မေမေသန်းတို့ကို သတိရလျက်။)

**ဒီလိုနဲ့ ၈ နာရီထိုးလုလုမှာ လွှင့်ထုတ်ရမယ့်အခွေ တည်းဖြတ်စက်ထဲက ထွက်လာရင် ပေ ၁၀၀ လောက်မှာရှိတဲ့စက်ခန်းကို အပြေးသွားပို့ရပါတယ်။ စက်ခန်းထဲမှာလည်း စက်တွေက အခွေထည့် လိုက်ရင် ကလောက်ကလက် ဂျောက်ဂျက်နဲ့ မိနစ်ဝက်လောက် အချိန်ပေးမှ အဆင်သင့်ဖြစ်ပါတယ်။ ဒီတော့ အချိန်အတော်နီးနေပြီဆိုရင် တစ်ခါတလေ သတင်းတီးလုံးကို ပြန်ကျော့ခိုင်းရတာမျိုး ဖြစ်လာတာပါ။ အားလုံးရယ်ဒီဆိုတော့မှပဲ ဆိုင်းသံကထွက်လာပါတယ်။**

## ရေဒီယိုလေး ချစ်ဆွေတော်

- ရွှေအိုရောင်ရှက်ဝါ
  မျက်နှာသစ်ကာ အလှပြင်တဲ့
  ကြည်လင်လွှင့်ပျံ၊ လေလှိုင်းလျှံတက်
  နံနက်ချိန်ခါ တေးသံသာ။
- နားဝင်ပီယံ၊ ငြိမ့်ငြိမ့်လျှံသည့်
  သံစဉ်ချိုအေး၊ ဂီတတေးဖြင့်
  အေးမြကြည်လင် အားသစ်ဆင်။
- ငယ်စဉ်တောင်ကျေး၊ ဟိုးရှေးရှေးမှ
  စ၍ နားစွင့်၊ မျက်စိပွင့်ရာ
  နှစ်သက်စွာပင်
  ငါတို့ချစ်လှ မြန်မာ့အသံ။
- နံနက်ချိန်ခါ၊ တေးသံသာမှ
  ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်
  နိုင်ငံရေးမကျန် သတင်းမှန်တို့
  ပြန်ကြားပေးဆက် ဝတ်မပျက်ပေ။
- လှည်းနေလှေအောင်း၊
  မြင်းဇောင်းမကျန်
  တိုင်းနိုင်ငံနှံ့၊ ဖြာစဉ်ပျံ့ကာ
  သံစာစာနှင့်၊ ထံတျာချိုအေး
  နေ့ညတေးတွေ၊ ပျံ့မွှေးလျှံဝေ
  ရေဒီယိုလေး ချစ်ဆွေတော်။
- ငယ်စဉ်တောင်ကျေး၊ ကလေးဘဝ
  ရှေးရှေးကပင်၊ လက်မချစတမ်း
  တို့စွဲလမ်းစွာ ဖမ်းယူနားဆင်
  ခင်ခဲ့မင်ခဲ့၊ စွဲမက်ခဲ့ရာ
  ပညာဗဟုသုတ၊ မှီခိုရသည့်
  မြန်မာ့အသံ၊ ထက်ဝေယံတိုင်
  လွှင့်ပျံငြိမ့်ညောင်း၊ အားမာန်ကောင်းစွာ
  နှစ်ပေါင်းရာထောင်တည်ပါစေ။

အောင်လံမြေ - နေညိုညို

(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုလျက်)

# ရန်ကုန်တိုင်းဒေသကြီး ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ရပ်ရွာစေတနာ့ဝန်ထမ်းသင်တန်း အွန်လိုင်းစနစ်ဖြင့် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု အခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြမည့် ရပ်ရွာစေတနာ့ဝန်ထမ်း (Community COVID Volunteer–CCV) များအား လေ့ကျင့်မွေးထုတ်အကောင်အထည်ဖော်ရေး အသိပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

### ပိုမိုလက်တွဲညီစွာ

ဆွေးနွေးပွဲတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစ၍ ကိုဗစ်-၁၉ ဒုတိယလှိုင်းစတင်ဖြစ်ပွားခဲ့ရာ ပြည်သူများ ပါဝင်မှုနှင့် ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကျော်လွှားလျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါဖြစ်ပွား သေဆုံးမှုနှုန်းကျဆင်းလာပြီဖြစ်သော်လည်း ဆက်လက်ဖြစ်ပွားဆဲဖြစ်ကြောင်း၊ ဒုတိယလှိုင်းကို အောင်မြင်စွာ ရင်ဆိုင်ကျော်ဖြတ်ပြီးပါက တတိယလှိုင်းမဖြစ်ပွားစေရေး ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမည့် အစီအစဉ်များလည်း စတင်တော့မည်ဖြစ်၍ ပြည်သူများအတွက် အားတက်စရာဖြစ်ပါကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါက ရှိနေဦးမည်ဖြစ်သည့်အတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများ ကြာရှည်ဆောင်ရွက်ရမည်ဖြစ်၍ အစိုးရနှင့် ပြည်သူ ပိုမိုလက်တွဲညီစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း။

ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာများမှ လူငယ်ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများအပါအဝင် ပြည်သူများ၏အင်အားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာပြည်သူများပါဝင်သော ရပ်ရွာစေတနာ့ဝန်ထမ်း (Community COVID Volunteer–CCV) များ မွေးထုတ်ပေးနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအား ယခုလို အသိပညာပေး သင်တန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း။

### ပူးပေါင်းပါဝင်နိုင်ရေး

လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ရပ်ကွက်၊ ကျေးရွာအလိုက် စေတနာ့ဝန်ထမ်းများက ပြည်သူများ နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရေး၊ လက်ကိုစနစ်တကျဆေးကြောရေး၊ တစ်ဦးနှင့်တစ်ဦးအသိပေးခြင်း၊ သတိပေးခြင်း မိသားစုစီမံချက်အောင်မြင်ရေးစသည့် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ရပ်ဆွေ၊ ရပ်မျိုးများ ရောဂါလက္ခဏာခံစားရပါက သက်ဆိုင်ရာသို့ ချိတ်ဆက်ညွှန်းပို့ခြင်း၊ ပံ့ပိုးကူညီခြင်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်လည်းဖြစ်ကြောင်း၊ ရေရှည်တွင် ရပ်ကွက်၊ ကျေးရွာအတွင်း ဘေးအန္တရာယ်တုံ့ပြန်ရေး၊ လူမှုအထောက်အပံ့များပေးရေး၊ ကျန်းမာရေးအသိပညာပေးရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်ရေး စသည်တို့အတွက် အသင့်ဖြစ်စေရန်လည်း ရည်ရွယ်ပါကြောင်း။

ရပ်ရွာစေတနာ့ဝန်ထမ်းများကို အသိပညာပေးသင်တန်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံးက စေတနာ့ဝန်ထမ်းများအား စုဆောင်းခြင်းနှင့် အသိပညာပေးသင်တန်းများ ဆောင်ရွက်ခြင်းများကို စီစဉ်ပေးလျက်ရှိကြောင်း၊ ပထမအကြိမ်အနေဖြင့် မန္တလေးတိုင်းဒေသကြီးမှ ရပ်ရွာစေတနာ့ဝန်ထမ်း ၁၀၅ ဦးကို ဇန်နဝါရီ ၁၂ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးမှ ရပ်ရွာစေတနာ့ဝန်ထမ်း ၉၇ ဦးကို ဇန်နဝါရီ ၁၄ ရက်တွင်လည်းကောင်း အသိပညာပေးသင်တန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။



ယနေ့ ရန်ကုန်တိုင်းဒေသကြီးမှ သင်တန်းပေးရန်ကျန်ရှိသည့် ရပ်ရွာစေတနာ့ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က စာရင်းပေးပို့လာသော စေတနာ့ဝန်ထမ်း စုစုပေါင်း ၁၃၀ ကို အသိပညာပေးမည့် အစီအစဉ်ဖြစ်ကြောင်း၊ ယနေ့အစီအစဉ်ကို ဆက်လက်ပါဝင်ဆွေးနွေးပေးကြမည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှပညာရှင် ဆရာ ဆရာမကြီးများကိုလည်း ကျေးဇူးအထူးတင်ပါကြောင်း။

သင်တန်းပြီးဆုံးသည့်အခါ သင်တန်းတက်ရောက်ပြီးသူများစာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဌာနများသို့ ပေးပို့ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက အချိတ်အဆက်မိမိဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ပြည်သူများကို ထိရောက်စွာ ကူညီနိုင်ရန်ဖြစ်ပါကြောင်း၊ သို့မှသာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို အကောင်းဆုံးပူးပေါင်းပံ့ပိုးနိုင်မှာဖြစ်ပါကြောင်း၊ ပြည်သူလူထု အခြေပြု ရပ်ရွာစေတနာ့ဝန်ထမ်းများကို ရပ်ကွက်၊ ကျေးရွာများအတွင်း အသင့်စုစည်းထားနိုင်ခြင်းသည် ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### အပြန်အလှန်ဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြသီတာက အသိပညာပေးသင်တန်းအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပညာရှင်ဆရာ ဆရာမများက ရပ်ရွာစေတနာ့ဝန်ထမ်းများအား ပြောဆိုဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်မှု၊ စေတနာ့ဝန်ထမ်းတာဝန်နှင့် လုပ်ငန်းလမ်းညွှန်၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်ရေးနှင့် နှစ်သိမ့်ဆွေးနွေးကူညီပေးရေး၊ ကိုဗစ်နှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့စို့ကလေးများ၊ ကိုဗစ်နှင့် သက်ကြီးရွယ်အိုများ၊ ကိုဗစ်နှင့် နာတာရှည်ရောဂါဝေဒနာရှင်များ၊ ကိုဗစ်နှင့် ကလေးသူငယ်များ၊ ရောဂါကာကွယ်ခြင်းနည်းလမ်းများ၊ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများ စသည့် ခေါင်းစဉ်များအလိုက် ရှင်းလင်းပို့ချခဲ့ကြပြီး စေတနာ့ဝန်ထမ်းများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများကို လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၃၅၂၅ ဦး၊ မ ၁၀၇၇၈ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၄၃၀၃ ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း အခြားဌာနသို့ လွှဲပြောင်းမှုတစ်မှု၊ ကျေအေးမှုရှစ်မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၂၀၊ ပိတ်သိမ်းမှု ၁၄ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၅၉ မှုနှင့် လက်ကျန်အမှု ၂၉ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၇၈ ဦးအား ငွေကျပ် ၁၂၉၇၅၅၁၇၆ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၄၆၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၃၆ မှုနှင့် ခုံသမာဓိကောင်စီတွင် ၃၈ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၄၄၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၃၉၉ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၃၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၇၄၇ ဦး၊ အတွင်းလူနာ ၁၈၁ ဦး) | ၉၂၈ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ တိုင်းရင်းဆေးခန်း (၁)ခန်း၊ ဌာနကြီးဆေးခန်း(၅၈)ခန်းနှင့် သားဖွားမီးယပ် (OPD) ဝန်ဆောင်မှု စမ်းသပ်ဆောင်ရွက်ပေးလျက်ရှိသည့် (၅) ခန်း အပါအဝင် PPS စနစ်ဖြင့် ဆောင်ရွက်သည့် ဆေးခန်း (၁၄)ခန်းတို့မှ ဆေးကုသပေးမှု | ၇၁၇၅၇ ဦး |

**သတင်းစဉ်**

### ❖ ရှမ်းယူနိုက်တက်အသင်းမှ

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းပါဝင်နေသည့် အရှေ့အာရှဇုန်အကြိုခြေစစ်ပွဲတွင် အသင်းလေးသင်းပါဝင်နေပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်၊ ဖိလစ်ပိုင်ကလပ် ကာယာ၊ ဩစတြေးလျကလပ်များဖြစ်သည့် မဲလ်ဘုန်းစီးတီးနှင့် ဘရစ္စဘိန်းရိုအာအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရသည့်နှစ်သင်းမှာ Play-off အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပွဲစဉ်များထွက်ပေါ်ခြင်းမရှိသေးသော်လည်း ရှမ်းယူနိုက်တက်အသင်းသည် ဩစတြေးလျကလပ်အသင်းနှင့် တွေ့ဆုံဖွယ်ရှိနေသည်။ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ၏ မဲခွဲပွဲကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းမဲခွဲပွဲပြီးမှသာ ရှမ်းယူနိုက်တက်အသင်းနှင့် တွေ့ဆုံမည့်အသင်းကို အတည်ပြုနိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲအဆင့်ကို ကျော်ဖြတ်နိုင်ပါက Play-off အဆင့်ကို ဧပြီ ၁၄ ရက်တွင် ထပ်မံကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ၂၀၁၈ နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ယှဉ်ပြိုင်ခဲ့ဖူးပြီး နှစ်ကြိမ်စလုံး အကြိုခြေစစ်ပွဲပထမအဆင့်မှ ထွက်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယင်းနှစ်ကြိမ်စလုံးတွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇန်နဝါရီ ၂၆**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဥရောပသမဂ္ဂမှာ ကြုံတွေ့နေတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့မှုပြဿနာ

**AstraZeneca ဆေးဝါးကုမ္ပဏီက ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံတွေဆီ ပေးပို့ဖို့ စီစဉ်ထားတဲ့ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထောက်ပံ့မှုတွေကို လျှော့ချဖို့ ဆောင်ရွက်နေစဉ်မှာ ဥရောပသမဂ္ဂမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နေတဲ့ ဆေးဝါးကုမ္ပဏီတွေရဲ့ ကာကွယ်ဆေးတင်ပို့မှုတွေအပေါ် ပိုမိုတင်းကျပ်တဲ့ စည်းကမ်းတွေ ချမှတ်သွားမယ်လို့ ဥရောပသမဂ္ဂက သတိပေးပြောကြားခဲ့ပါတယ်။**

AstraZeneca ဆေးဝါးကုမ္ပဏီကတော့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မှုပိုင်းမှာ ပြဿနာတွေ ရှိခဲ့တဲ့အတွက် ကုမ္ပဏီရဲ့ ကာကွယ်ဆေးထောက်ပံ့မှု နောက်ကျခဲ့တာဖြစ်တယ်လို့ ပြီးခဲ့တဲ့တစ်ပတ်အတွင်းက ဥရောပသမဂ္ဂကို ပြောကြားခဲ့ပါတယ်။




ဒါ့ပြင် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နဲ့ ဂျာမနီ ဆေးဝါးကုမ္ပဏီ BioNTech တို့ကလည်း ၎င်းတို့ ပူးပေါင်းထုတ်လုပ်တဲ့ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့မှုကို လျှော့ချသွားမယ်လို့ ပြောကြားခဲ့တာကြောင့် ဥရောပသမဂ္ဂရဲ့ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် နှောင့်နှေးကြန့်ကြာမှုကို ပိုမိုဖြစ်ပေါ်စေခဲ့ပါတယ်။ လက်ရှိမှာ နိုင်ငံအများစုက ကိုဗစ်-၁၉ ရောဂါကူးစက်မှု နှုန်းမြင့်တက်နေမှုကို လျှော့ချဖို့ စီစဉ်နေတာဖြစ်လို့ ကာကွယ်ဆေးထောက်ပံ့မှုဟာ အတိမ်းအစောင်းခံလို့မရတဲ့ ကိစ္စရပ်တစ်ခုဖြစ်လာခဲ့ပါတယ်။

### တုံ့ပြန်ပြောကြား

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နဲ့ ဂျာမနီ ဆေးဝါးကုမ္ပဏီ BioNTech တို့ကလည်း ၎င်းတို့ ပူးပေါင်းထုတ်လုပ်တဲ့ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဗြိတိန်နိုင်ငံသို့ ထောက်ပံ့ပေးခဲ့ပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံမှာရှိတဲ့ Pfizer ဆေးဝါးစက်ရုံက ၎င်းတို့ရဲ့ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဗြိတိန်ကို ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီလို Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထောက်ပံ့ပေးခဲ့တာနဲ့ပတ်သက်ပြီး ဥရောပသမဂ္ဂရဲ့ ဝေဖန်ချက်တွေကို တုံ့ပြန်တဲ့အနေနဲ့ ဗြိတိန်ရဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဖြူးရေးဝန်ကြီး နာဒင်ဇာဟာဝီက "ကာကွယ်ဆေးထောက်ပံ့မှုတွေမှာ အခက်အခဲတွေရှိနေပေမယ့် AstraZeneca ဆေးဝါးကုမ္ပဏီနဲ့ Pfizer-BioNTech ဆေးဝါးကုမ္ပဏီတို့ထံကနေ ကျွန်တော်တို့ရဲ့ လိုအပ်တဲ့ကာကွယ်ဆေးပမာဏကို ရရှိပါလိမ့်မယ်" လို့ ဇန်နဝါရီ ၂၆ ရက်မှာ တုံ့ပြန်ပြောကြားခဲ့ပါတယ်။

ဒါကြောင့် ဥရောပသမဂ္ဂအနေနဲ့ ၎င်းတို့ရဲ့ နိုင်ငံသားတွေကို အကာအကွယ်ပေးဖို့ဆိုရင် မည်သို့သော တုံ့ပြန်မှုမျိုးကိုမဆို ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း ဥရောပသမဂ္ဂ ကျန်းမာရေးကော်မရှင်နာ စတယ်လာ ကီရီယာ ကီဒက်စ်က ပြောကြားခဲ့ပါတယ်။

အနာဂတ်ကာလမှာလည်း ဥရောပသမဂ္ဂမှာ ရှိနေတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နေတဲ့ ကုမ္ပဏီအားလုံးအနေနဲ့ တတိယနိုင်ငံတွေဆီ ကာကွယ်ဆေး တင်ပို့ချင်တယ်ဆိုရင် စောစီးစွာအကြောင်းကြားစာပေးပို့ရမှာဖြစ်တယ်လို့ ဥရောပသမဂ္ဂကျန်းမာရေးကော်မရှင်နာ စတယ်လာကီရီယာကီဒက်စ်က သတိပေးပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ဥရောပသမဂ္ဂကတော့ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အဖွဲ့ဝင်နိုင်ငံတွေရဲ့ တစ်ဝက်လောက်က ဝယ်ယူထားပေမယ့် ကာကွယ်ဆေးဖြန့်ချိရေးမှာ ကြန့်ကြာမှုတွေဖြစ်ခဲ့ရတဲ့အတွက် ဝေဖန်မှုတွေ ခံခဲ့ရတာဖြစ်ပါတယ်။

ဥရောပသမဂ္ဂအနေနဲ့ ဇန်နဝါရီ ၂၅ ရက်မှာ AstraZeneca ဆေးဝါးကုမ္ပဏီနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် လုံလောက်တဲ့ဖြေရှင်းချက်တွေမရရှိခဲ့တာကြောင့် ကျေနပ်မှုမရှိခဲ့ဘူးလို့လည်း ဥရောပသမဂ္ဂ ကျန်းမာရေးကော်မရှင်နာ စတယ်လာကီရီယာကီဒက်စ်က တွစ်တာစာမျက်နှာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

### အသေးစိတ်အချက်အလက်တွေတောင်းဆို

ဥရောပသမဂ္ဂအနေနဲ့ AstraZeneca ဆေးဝါးကုမ္ပဏီထံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ချိမှုနဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို တောင်းဆိုထားပြီး AstraZeneca ဆေးဝါးကုမ္ပဏီနဲ့ နောက်တစ်ကြိမ် ဆွေးနွေးမှုကိုလည်း ဇန်နဝါရီ ၂၇ ရက်မှာ ပြုလုပ်သွားမှာဖြစ်တယ်လို့ ဥရောပသမဂ္ဂကျန်းမာရေးကော်မရှင်နာ စတယ်လာကီရီယာကီဒက်စ်က ပြောကြားခဲ့ပါတယ်။

လက်ရှိမှာ AstraZeneca အနေနဲ့ တတ်နိုင်သမျှ မကြာခင်ကာလအတွင်းမှာ ဥရောပသမဂ္ဂအတွက် လိုအပ်နေတဲ့ ကာကွယ်ဆေးအလုံးရေသန်းပေါင်းများစွာ ရရှိဖို့ မဖြစ်မနေလုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

AstraZeneca ကုမ္ပဏီဟာ ဥရောပသမဂ္ဂအတွက် ရည်ရွယ်ထားတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဗြိတိန်နိုင်ငံမှာ အဓိကထားထုတ်လုပ်နေပြီး အိန္ဒိယနိုင်ငံမှာလည်း ကြီးမားတဲ့ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်မှုလုပ်ငန်းတစ်ရပ်လုပ်ဆောင်နေတာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ဆီရမ်အင်စတီကျုကတော့ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အများအပြားထုတ်လုပ်နေပေမယ့် ဥရောပသမဂ္ဂထံ လွှဲပြောင်းပေးဖို့တော့ လက်ရှိမှာ အစီအစဉ်မရှိသေးဘူးလို့ ဆိုပါတယ်။ လက်ရှိမှာ ဩစတြေးလျနဲ့ ထိုင်းနိုင်ငံ အပါအဝင် အခြားသောနိုင်ငံတွေကလည်း ၎င်းတို့နိုင်ငံတွေမှာ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့မှု လျော့ကျနေခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

**ဥရောပသမဂ္ဂဟာ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၆၀၀ အထိ ဝယ်ယူရန် ကြိုတင်မှာယူထားတာ ဖြစ်ပေမယ့် ကာကွယ်ဆေးထောက်ပံ့မှုတွေ နှောင့်နှေးကြန့်ကြာခဲ့ရတာကြောင့် ဩဂုတ်လကုန်မတိုင်မီ ဥရောပသမဂ္ဂရဲ့ အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမယ်ဆိုတဲ့ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်ရဲ့ ကတိကဝတ်အပေါ် သံသယဝင်စရာတွေဖြစ်လာခဲ့တာပဲ ဖြစ်ပါတယ်။**

အောက်စ်ဖို့ဒ်တက္ကသိုလ်နဲ့ AstraZeneca ဆေးဝါးကုမ္ပဏီတို့ပူးပေါင်းထုတ်လုပ်တဲ့ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဥရောပသမဂ္ဂမှာ အသုံးပြုခွင့်အတွက် လက်ရှိအချိန်အထိ အတည်မပြုရသေးပေမယ့် ဥရောပသမဂ္ဂအနေနဲ့ နောက်ထပ်ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ဝယ်ယူနိုင်မယ့်အခွင့်အရေးအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၃၀၀ ဝယ်ယူရရှိရေးအတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လကတည်းက AstraZeneca ဆေးဝါးကုမ္ပဏီနဲ့ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာ ဖြစ်ပါတယ်။

ဥရောပသမဂ္ဂဆေးဝါးအေဂျင်စီကလည်း ယခုလကုန်ပိုင်းမှာ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုခွင့်ဆိုင်ရာအတည်ပြုချက်အတွက် မီးစိမ်းပြသွားဖို့ရှိတယ်လို့လည်း ဆိုပါတယ်။ ဒါ့ပြင် မတ်လမတိုင်မီမှာ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံဆီကို AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်း ၈၀ ရောက်ရှိလိမ့်မယ်လို့လည်း မျှော်လင့်ထားတာဖြစ်ပါတယ်။

### သံသယဝင်စရာဖြစ်လာခဲ့

ဒါပေမယ့် AstraZeneca ဆေးဝါးကုမ္ပဏီက ကာကွယ်ဆေးထုတ်လုပ်မှုလျော့ကျခဲ့တာကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတချို့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကနဦး ထိုးနှံပေးနိုင်မှုအရေအတွက် လျော့ကျလိမ့်မယ်လို့ ပြီးခဲ့တဲ့တစ်ပတ်တွင် ကုမ္ပဏီက ပြောကြားခဲ့ပါတယ်။

အဲဒီ AstraZeneca ဆေးဝါးကုမ္ပဏီရဲ့ ပြောကြားချက်ဟာ အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer က ဘယ်လ်ဂျီယံမှာရှိတဲ့ ၎င်းတို့စက်ရုံမှာ ထုတ်လုပ်နိုင်စွမ်းပမာဏတိုးမြှင့်ဖို့ ပြင်ဆင်မှုတွေလုပ်ဆောင်နေခဲ့တာကြောင့် လာမယ့်သီတင်းပတ် အနည်းငယ်အတွင်းမှာ ကာကွယ်ဆေးထောက်ပံ့မှု နှောင့်နှေးကြန့်ကြာလိမ့်မယ်လို့ ပြောကြားခဲ့ပြီးတဲ့နောက်မှာ ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

ဥရောပသမဂ္ဂဟာ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၆၀၀ အထိ ဝယ်ယူရန် ကြိုတင်မှာယူထားတာဖြစ်ပေမယ့် ကာကွယ်ဆေးထောက်ပံ့မှုတွေ နှောင့်နှေးကြန့်ကြာခဲ့ရတာကြောင့် ဩဂုတ်လကုန်မတိုင်မီ ဥရောပသမဂ္ဂရဲ့ အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမယ်ဆိုတဲ့ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်ရဲ့ ကတိကဝတ်အပေါ် သံသယဝင်စရာတွေ ဖြစ်လာခဲ့တာပဲ ဖြစ်ပါတယ်။

**ကိုးကား – ဘီဘီစီ**

---

## ဩစတြေးလျ၌ ဆန္ဒပြသူများကို ကိုဗစ်-၁၉ စည်းမျဉ်းဖောက်ဖျက်မှုဖြင့် ဖမ်းဆီး

**ဆစ်ဒနီ ဇန်နဝါရီ ၂၆**

ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနေ့ကို ဆန့်ကျင်သောအားဖြင့် ဆစ်ဒနီမြို့တွင် လူဦးရေ ၂၀၀၀ ကျော် စုဝေးဆန္ဒပြခဲ့ကြသဖြင့် ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါကန့်သတ်ချက်များကို ချိုးဖောက်မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အင်္ဂလိပ်တို့ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ စတင်ရောက်ရှိခဲ့သည့် ၁၇၈၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်ကို အစွဲပြုပြီး ဇန်နဝါရီ ၂၆ ရက်အား ဩစတြေးလျနေ့အဖြစ် သတ်မှတ်ခဲ့သော်လည်း ဌာနေတိုင်းရင်းသားများက အဆိုပါနေ့ကို "ကျူးကျော်ခံရသည့်နေ့" ဟု အမည်တပ်ကာ ဆန့်ကျင်မှုများ ဆောင်ရွက်ခြင်းဖြစ်သည်။

ဌာနေတိုင်းရင်းသားများက "အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မည်သည့်အရာနဲ့မှ လဲလှယ်၍မရ"၊ "မျှတမှုမရှိ" ဆိုသည့် စကားလုံးများကို အော်ဟစ်ကာ ဆန့်ကျင်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က လက်ရှိသတ်မှတ်ထားသည့် ဩစတြေးလျနေ့သည် ကျူးကျော်ခံရသည့်နေ့သာ ဖြစ်သောကြောင့် ဩစတြေးလျနိုင်ငံ၏ အမျိုးသားနေ့ကို အခြားရက်တစ်ရက် ပြောင်းလဲသတ်မှတ်ရန် တောင်းဆိုခဲ့သည်။

လက်ရှိသတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများတွင် အများဆုံး လူဦးရေ ၅၀၀ ကိုသာ စုဝေးခွင့်ပြုထားသောကြောင့် ဆစ်ဒနီမြို့တွင် ယခုကဲ့သို့ အင်အား ၂၀၀၀ ကျော် စုရုံးမှုက ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်ချက်ကို ချိုးဖောက်ရာရောက်သည်။

ဆစ်ဒနီမြို့မှာကဲ့သို့ပင် ကွင်းစလန်းပြည်နယ် မြို့တော် ဘရစ္စဘိန်းတွင်လည်း လူဦးရေ ၅၀၀၀ ကျော်စုဝေးကာ ဩစတြေးလျနေ့ကို ဆန့်ကျင်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုးကား– ဘီဘီစီ**
**ဘာသာပြန်–မေလွဲ့သင်း**

---

## ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးရရှိသည့် နိုင်ငံအဖြစ် အမေရိကန်ထံမှ တရုတ် လွှဲပြောင်းရယူ

**နယူးယောက် ဇန်နဝါရီ ၂၆**

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးရရှိသည့် နံပါတ် (၁) နေရာကို အမေရိကန်ပြည်ထောင်စုထံမှ လွှဲပြောင်းရယူနိုင်ခဲ့ကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေး အစီရင်ခံစာ၏ ဖော်ပြချက်အရ သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁၆၃ ဘီလီယံရရှိအောင် ဆွဲဆောင်နိုင်ခဲ့ချိန်တွင် အမေရိကန်နိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၁၃၄ ဘီလီယံသာ ရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် နှစ်ဝက်ကာလအရောက်တွင် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ကျဆင်းသွားခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံသို့ စီးဝင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ်တွင် အမေရိကန်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂၅၁ ဘီလီယံနှင့် တရုတ်နိုင်ငံက ကန်ဒေါ်လာ ၁၄၀ ဘီလီယံ ရရှိခဲ့သည်။

သို့သော် တရုတ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၂၀ ပြည့်နှစ်တစ်နှစ်တာကာလအတွင်း၌သာ အမေရိကန်ထက် သာလွန်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏတွင် အမေရိကန်နိုင်ငံက ကမ္ဘာ့နံပါတ်(၁)နေရာကို ဆက်လက်ရယူထားနိုင်ဆဲဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၄၇၂ ဘီလီယံဖြင့် အမြင့်ဆုံးရရှိခဲ့ပြီး ယင်းနှစ်တွင် တရုတ်နိုင်ငံရရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၁၃၄ ဘီလီယံသာရှိခဲ့သည်။ သို့ရာတွင် ၂၀၁၇ ခုနှစ်မှစတင်၍ အမေရိကန်နိုင်ငံသို့ စီးဝင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ပြန်လည်ကျဆင်းခဲ့သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ၄၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်ခဲ့ရုံမျှမက စီးပွားရေးတိုးတက်မှုနှုန်း ၂ ဒသမ ၃ ရာခိုင်နှုန်း ရရှိခဲ့သည်။

**ကိုးကား– ဘီဘီစီ၊ ဘာသာပြန်–မေလွဲ့သင်း**

# ဂျပန်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှုတွင် လစ်ဟင်းမှုများရှိခဲ့ခြင်းအတွက် ဝန်ကြီးချုပ်ဆူဂါ တောင်းပန်



**တိုကျို ဇန်နဝါရီ ၂၆**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ရောဂါကူးစက်မှုနှုန်း မြင့်တက်နေချိန် ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှုကဏ္ဍတွင် ဖြည့်ဆည်းမှုများ နည်းပါးခဲ့ရခြင်းအတွက် ဝန်ကြီးချုပ်ဆူဂါက ယနေ့ လွှတ်တော်တွင် တောင်းပန်မှုပြုခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် နိုင်ငံသားအချို့မှာ ဆေးရုံတက်ရောက်ကုသရသည့်အဆင့် မရောက်ရှိဘဲ နေအိမ်များတွင် သေဆုံးနေရသည့်အဖြစ်မျိုးရှိနေသလို ရောဂါကူးစက်ခံရသူ အချို့မှာလည်း အရေးပေါ်ကားပေါ်၌ပင် သေဆုံးခဲ့ရသည့်ဖြစ်ရပ်မျိုး ကြုံတွေ့ခဲ့ရခြင်းအတွက် ဝါရင့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆူဂါအစိုးရအပေါ် မေးခွန်းထုတ်ခဲ့သည်။ အဆိုပါဥပဒေပြုအမတ်က ယင်းကဲ့သို့သော ဖြစ်စဉ်များအတွက် အစိုးရတွင် တာဝန်ရှိသည်ဟု ခံစားမိပါသလားဟု ဆူဂါအား မေးမြန်းခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ် ဆူဂါက ဖြစ်စဉ်အားလုံးအတွက် အစိုးရ၌ အပြည့်အဝတာဝန်ရှိပြီး ယင်းသို့သော ဖြစ်စဉ်များအတွက် စိတ်မကောင်းဖြစ်ရပါကြောင်းနှင့် ပြည်သူ့ကျန်းမာရေး ဆောင်ရွက်မှု ပိုမိုတိုးတက်လာစေရေးအတွက် ဘဏ္ဍာငွေ ချထားမှုအပါအဝင် လိုအပ်သည့် အစီအမံများအားလုံးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀ နီးပါးမှာ ဆေးရုံတွင် တက်ရောက်ကုသရခြင်းမရှိဘဲ သေဆုံးမှုရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ယမန်နေ့တွင် အတည်ပြုခဲ့ပြီးနောက် ယနေ့တွင် ဝန်ကြီးချုပ်အနေဖြင့် လွှတ်တော်၌ ကိုယ်တိုင်ကိုယ်ကျ လာရောက်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင် ဂျပန်ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါ လူနာများဖြင့် ပြည့်ကျပ်နေပြီး လူနာ ၃၅၀၀၀ ကျော်မှာ ဆေးရုံတက်ရောက်ကုသခွင့်မရဘဲ နေအိမ်မှာပင် နေထိုင်ရလျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-မေလွဲ့သင်း**

## စီးပွားရေး

# ပြန်လည်ဦးမော့လာစေရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းအရေးကြီးကြောင်း ဘရာဇီးတာဝန်ရှိသူ ပြောကြား



**ဆောဲပေါ်လို ဇန်နဝါရီ ၂၆**

နိုင်ငံသားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းသည် နိုင်ငံစီးပွားရေးပြန်လည်ဦးမော့လာစေရန် အဓိက အထောက်အကူပြုမည့်အချက်ဖြစ်ကြောင်း ဘရာဇီး စီးပွားရေးဝန်ကြီး ပေါ်လို ဂူဒက်စ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

"နိုင်ငံအတွင်းရှိ အလုပ်သမားတွေအနေနဲ့ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နိုင်ဖို့အတွက် အရေးကြီးနေတာကြောင့် ယခုအချိန်မှာ အစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးတဲ့လုပ်ငန်းကို အရေးတကြီးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အလုပ်သမားတွေကို လုပ်ငန်းခွင်ပြန်ဝင်နိုင်အောင် ကာကွယ်ဆေးထိုးပေးခြင်းဖြင့် လုပ်သားအင်အားတွေကို ပြန်လည်ဖြည့်တင်းရာရောက်ပြီး နိုင်ငံရဲ့ စီးပွားရေးမှာ ကောင်းမွန်တဲ့ ရလဒ်တွေရရှိလာမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ဘရာဇီးနိုင်ငံတွင် နိုင်ငံသားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရေးလုပ်ငန်းစဉ်ကို ပြီးခဲ့သော သီတင်းပတ်အတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံ Sinovac ကုမ္ပဏီမှ ထုတ်လုပ်သော CoronaVac ကာကွယ်ဆေးကို နိုင်ငံသားများအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် AstraZeneca ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုလည်း နိုင်ငံသားများအား ထိုးနှံပေးခဲ့သည်။ အစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးများပိုမိုရရှိပြီး ကာကွယ်ဆေးထိုးလုပ်ငန်းကို အရှိန်မြှင့်နိုင်ရန် အခြားသော ဆေးဝါးကုမ္ပဏီများနှင့်လည်း ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

"လူတိုင်းအနေနဲ့ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံရဲ့ စီးပွားရေး ပြန်လည်ကောင်းလာစေဖို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလုပ်ငန်းတွေကို အရှိန်မြှင့်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဂူဒက်စ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဗိုင်းရပ်စ်ကြောင့် ယခုနှစ်ပထမသုံးလအတွင်း ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း၌ အလုပ်အကိုင်နေရာ တစ်သန်းအထိ ဆုံးရှုံးနိုင်



**ဗန်ကောက် ဇန်နဝါရီ ၂၆**

ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာခြင်းကြောင့် ယခုနှစ် ပထမသုံးလအတွင်း ခရီးသွားလုပ်ငန်းရှိ အလုပ်အကိုင်နေရာ တစ်သန်းကျော် ဆုံးရှုံးနိုင်ဖွယ်ရှိကြောင်း ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအုပ်စုတစ်ခုက ပြောသည်။

အလုပ်သမားများ ဆက်လက်ခန့်ထားရန် လစာငွေ ၅၀ ရာခိုင်နှုန်း ပူးတွဲပေးချေရေး၊ အတိုးနှုန်းသက်သာသော ချေးငွေများ ချထားပေးရေး အပါအဝင် အစီအမံများအား အစိုးရထံတင်ပြမည်ဟု ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းကောင်စီက ပြောသည်။

အဆိုပြုမည့် လစာမျှဝေကျခံရေး အစီအစဉ်အရ ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ အလုပ်သမား ရှစ်သိန်းခန့်ကို ဆက်လက်ခန့်ထားနိုင်ရန် အထောက်အကူပြုမည်ဟု ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းကောင်စီဥက္ကဋ္ဌ ချမ်နန်ဆရီဆာဝပ်က ပြောသည်။

"ကိုဗစ်ကာလပြီးသွားရင် ကမ္ဘာလှည့်ခရီးသွားတွေ သေချာပေါက် ပြန်လာမှာဖြစ်ပါတယ်။ သုံးလ လောက်ဖြစ်ဖြစ် ကျွန်တော်တို့လုပ်ငန်းတွေ ရှင်သန်နိုင်အောင် ကူညီပေးပါ" ဟု ၎င်းက ပြောသည်။

ယခုနှစ်ဝက်အတွင်း ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာနိုင်ပြီး ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးသည့် ကမ္ဘာလှည့်ခရီးသွားများအတွက် အစိုးရက နှစ်ပတ်ကြာ သီးခြားခွဲနေရေးအစီအစဉ် ဖျက်သိမ်းပေးပါက ပြည်ပခရီးသွားအရေအတွက် ၁၀ သန်းအထိ ရောက်ရှိနိုင်ကြောင်း ထိုင်းနိုင်ငံ ခရီးသွားကိုယ်စားလှယ်များအသင်း ဒုတိယဥက္ကဋ္ဌ ဗီချစ်ပရာကော့ဗ်ဂိုဆိုက ပြောသည်။

**ကိုးကား-သည်စထရိတ်တိုင်းမ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်များအတွက် Moderna ဆေး ထိရောက်မှုရှိ

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၂၆**

Moderna ဆေးသည် ဗြိတိန်နှင့် တောင်အာဖရိကတို့တွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်နှစ်မျိုးလုံးအတွက် ထိရောက်မှုရှိသည်ကို နောက်ဆက်တွဲလေ့လာချက်များအရ အဖြေထုတ်နိုင်ခဲ့ကြောင်း အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna ၏ အမှုဆောင်ချုပ် စတီဗက်ဘန်ဆယ်လ်က ယနေ့ အတည်ပြုခဲ့သည်။

Moderna ဆေးကို လေးပတ်ခြားပြီး နှစ်ကြိမ်ထိုးနှံပါက ၉၀ ရာခိုင်နှုန်းကျော် ထိရောက်မှုရရှိမည်ဖြစ်သည်။ နောက်ဆက်တွဲစမ်းသပ်ချက်များအပြီးတွင် ဗြိတိန်ဗိုင်းရပ်စ်ဟု ခေါ်သည့် B117 ဗီဇပြောင်းဗိုင်းရပ်စ်ကိုမူ Moderna ဆေးဖြင့် ထိရောက်စွာ ကာကွယ်နိုင်ကြောင်းကို အတည်ပြုခဲ့သည်။ သို့ရာတွင် တောင်အာဖရိကဗိုင်းရပ်စ်ကို Moderna ဆေးဖြင့် စမ်းသပ်ရာတွင် ထိရောက်မှု ခြောက်ဆ လျော့ကျသွားသည်ကို ယခုစမ်းသပ်ချက်၌ တွေ့ရှိခဲ့ရသည်။ ယင်းသို့ ဆေးနှစ်ကြိမ် ထိုးနှံပြီးသည့်တိုင်အောင် တောင်အာဖရိက ဗီဇပြောင်းဗိုင်းရပ်စ်အပေါ် ကာကွယ်နိုင်စွမ်း လျော့နည်းသည်ကို တွေ့ရှိရသဖြင့် စုစုပေါင်း ဆေးသုံးကြိမ် ထိုးနှံခြင်းဖြင့် ဆက်လက်စမ်းသပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Moderna ကုမ္ပဏီသည် ၎င်းတို့၏ ဆေးနှင့် အသုံးပြုထားသည့် mRNA နည်းပညာမှာ ဗိုင်းရပ်စ်၏ ဗီဇပြောင်းလဲသွားသည့်တိုင်အောင် ထိရောက်စွာ ကာကွယ်နိုင်စွမ်းရှိမည်ဟု ယုံကြည်မှုရှိဆဲဖြစ်သည်။ သို့ရာတွင် ဗိုင်းရပ်စ်၏ ဗီဇပြောင်းလဲမှုပေါ်မူတည်၍ ဆေးထိုးနှံမှုအကြိမ်ရေ ကွာခြားမှုရှိလာနိုင်ကြောင်း သုံးသပ်ထားသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**

# အသက်အရွယ်ကြီးရင့်သူများကို ထိုးနှံရာတွင် AstraZeneca ဆေး၏ ထိရောက်နိုင်စွမ်းအပေါ် ဂျာမနီမီဒီယာများ၏ ဖော်ပြချက်ကို ဆေးကုမ္ပဏီဘက်မှ ကန့်ကွက်

**ဘာလင် ဇန်နဝါရီ ၂၆**

ဗြိတိန်နိုင်ငံထုတ် AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများကို ထိုးနှံရာ၌ ဆေးမှရရှိမည့် အာနိသင်နှင့်စပ်လျဉ်းပြီး ဂျာမနီအစိုးရဘက်မှ သံသယရှိနေသည်ဟူသော ဂျာမနီမီဒီယာများ၏ ဖော်ပြချက်ကို AstraZeneca ကုမ္ပဏီက ယနေ့ ကန့်ကွက်ခဲ့သည်။

ဇန်နဝါရီ ၂၅ ရက်ထုတ် Handelsblatt နေ့စဉ်ထုတ်သတင်းစာတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးနှံရာတွင် ထိရောက်မှု ရှစ်ရာခိုင်နှုန်းသာ ရရှိနိုင်ဖွယ်ရှိသည်ကို ဂျာမနီအစိုးရဘက်မှ ခန့်မှန်းထားကြောင်း ရေးသားခဲ့သည်။ အလားတူ ယခုရက်သတ္တပတ်အတွင်း အီးယူအဖွဲ့ဝင်နိုင်ငံများ၏ အသုံးပြုမည့်ဆေးစာရင်းတွင် ထည့်သွင်းမည့် AstraZeneca ဆေးအပေါ် ဂျာမနီအစိုးရဘက်မှ ယုံကြည်မှုမရှိကြောင်း Bild သတင်းဌာနကလည်း ထပ်မံဖော်ပြခဲ့သည်။

ထို့ကြောင့် ဗြိတိန်နာမည်ကြီးဆေးကုမ္ပဏီ AstraZenecaက အဆိုပါ ရေးသားချက်များအပေါ် ကြေညာချက်တစ်စောင် ထုတ်ပြန်၍ ချက်ချင်းဆိုသလိုပင် ကန့်ကွက်ခဲ့သည်။ AstraZeneca ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် "ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းထုတ်ပြန်ခဲ့သည့် လန်ဆက်အစီရင်ခံစာတွင် ဆေးနှစ်ကြိမ် ထိုးနှံပြီးနောက် ရရှိသည့်အာနိသင်ကို အသေးစိတ်ဖော်ပြထားခဲ့ပြီးဖြစ်ကာ အသက် ၆၅ နှစ်နှင့်အထက် ပုဂ္ဂိုလ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရာတွင် ၎င်းတို့အနေဖြင့် ခုခံနိုင်စွမ်း ၁၀၀ ရာခိုင်နှုန်းအပြည့် ရရှိလာသည်ဆိုသည့် အချက်ကို ဖော်ပြခဲ့ပြီးဖြစ်သည်"ဟု ထုတ်ပြန်ခဲ့သည်။



ဥရောပသမဂ္ဂ (အီးယူ)အနေဖြင့် Pfizer၊ နှင့် Moderna ဆေးများကို ဥရောပဒေသတွင်း ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်တွင် အသုံးပြုရန် အတည်ပြုခဲ့ပြီးဖြစ်သော်လည်း AstraZeneca ဆေးကို အီးယူ၏ အသုံးပြုမည့် ဆေးစာရင်းတွင် ယခုရက်သတ္တပတ်မှ ထည့်သွင်းမည်ဖြစ်သည်။ သို့ရာတွင် အီးယူနိုင်ငံများအနေဖြင့် AstraZeneca ဆေးကို လက်ခံရရှိခဲ့ပြီးဖြစ်ကာ ဆေးဝါးထိုးနှံပေးမည့်နေရာများဆီ ဖြန့်ချိပေးရန်သာ လိုအပ်သည့် အနေအထား ဖြစ်သည်။

Pfizer နှင့် AstraZeneca တို့သည် ချုပ်ဆိုထားသည့် စာချုပ်ပါ ပမာဏအတိုင်း ကာကွယ်ဆေးအလုံးရေ ပို့ဆောင်ပေးနိုင်ခြင်းမရှိသောကြောင့် ယင်းကိစ္စရပ်အပေါ် ဥပဒေကြောင်းအရ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥရောပကောင်စီက ပြောကြားသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-မေလွဲ့သင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၀၃၆၂၁၉၆ | ဦး |
| သေဆုံးသူ | ၂၁၅၁၇၉၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၂၄၁၄၀၇၁ | ဦး |

# ရွှေကူ၊ သိန္နီနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ ရက် ည ၁၀ နာရီခွဲက ရွှေကူမြို့နယ် စီမော်ကျေးရွာအနီး စီမော်-စီသာကျေးရွာသွား ကားလမ်းတွင် ဝင်းကို မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း။

အလားတူ ထိုနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သိန္နီမြို့နယ် လားရှိုး-သိန္နီသွားကားလမ်း နားဆော့ကျေးရွာအနီးတွင် ထွယ်အောင် မောင်းနှင်ပြီး ဂွမ်ဆန်အောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကို လည်းကောင်း။



ဂွမ်ဆန်အောင်၊ ထွယ်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်နေ ဖော်ဝင်းစိုး(ခ)ကိုဖော်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ နှင့် အိုက်စ် သုည ဒသမ ၀၂၆ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မြဝတီမြို့ရှိ နာနတ်ဝိုင်ပုလင်းသွတ်အလုပ်ရုံ သိုလှောင်ခန်း မီးလောင်မှုဖြစ်ပွား

**မြဝတီ ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မေတ္တာ ၅ လမ်းရှိ နာနတ်ဝိုင်ပုလင်းသွတ်အလုပ်ရုံတွင် နာနတ်ဝိုင်များ သိုလှောင်ထားရာအခန်း မီးလောင်မှု ယနေ့ နံနက် ၁၀နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြဝတီခရိုင်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်နိုင်ဦး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သဃ်န်းညီနောင် နယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များဖြင့် ပူးပေါင်း၍ မီးငြိမ်းသတ်ရာ နံနက် ၁၀ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။


အဆိုပါမီးလောင်မှုသည် ဝရန်တာတပ်ဆင်ရန် ဝရိန်ဆော်ရာမှ မီးပွားများ စက္ကူသေတ္တာပေါ်သို့ကျပြီး မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိဘဲ အရက်ဆီစိမ်ထားသော စပ်အရက်များနှင့် အရက်ဆီထုပ်များ မီးလောင်ဆုံးရှုံးခဲ့ကာ မီးပေါ့ဆစွာ အသုံးပြုသူ စိုးနိုင်မိုးအား မြဝတီမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)




# လွိုင်လင်မြို့နယ်အတွင်း ဘိန်းခင်း ၃၂၆၅ ဒသမ ၅ ဧက ဖျက်ဆီး



**လွိုင်လင် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေခံတပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းကာ အဖွဲ့လေးဖွဲ့ခွဲ၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်မှ စတင်ဖျက်ဆီးလျက်ရှိသည်။

အဆိုပါဘိန်းခင်းဖျက်ဆီးရေးအဖွဲ့များအနက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးကျော်ဟိန်းဦးစီးအဖွဲ့(၁)က လွိုင်လင်မြို့နယ် ပင်လုံမြို့အနောက်ဘက်ခြမ်းဒေသရှိ တောင်ကုန်း/တောင်စောင်းများတွင် စိုက်ပျိုးထားသော သီးပွင့်ဆဲ အမြင့်နှစ်ပေခန့်ရှိ ဘိန်းခင်း ၁၃၆၆ ဧကကို ဖျက်ဆီးခဲ့ပြီး ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့ လေးဖွဲ့က ဇန်နဝါရီ ၂၄ ရက်အထိ ဘိန်းခင်း ၃၂၆၅ ဒသမ ၅ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

လွိုင်လင်(ပြန်/ဆက်)



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၂၃ စီး၊ သွင်းကုန် ၄၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၃၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးကျပ် ၂၅ ဒသမ ၁၆၈ သန်း) တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် တရားမဝင် အကောက်ခွန်မဲ့ Medical Disposable Protective Clothing (2000 U)၊ Disposable Surgical Gown (768 Kg)၊ Disposable Mask နှင့် ပစ္စည်းတင်ဆောင်လာသောယာဉ်အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တောင်ငူမြို့၌ အမျိုးသမီးတစ်ဦး ၁၂ ဘီးကုန်ယာဉ် တိုက်မိ၍ သေဆုံး

**တောင်ငူ ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် ၂၂ ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းတွင် ယမန်နေ့ ညနေပိုင်းက ဆိုင်ကယ်ဖြင့် လမ်းဖြတ်ကူးသူ အမျိုးသမီးတစ်ဦး ၁၂ ဘီးကုန်တင်ယာဉ်ဖြင့် တိုက်မိပြီး နေရာ၌သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ အမှတ် ၂၂ ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၇၃/၃ အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ တောင်ငူမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ဝိုင်းကြည်ပြာနှင့်အဖွဲ့သည် တောင်ငူယာဉ်ထိန်းတပ်စု(၁၂)မှ ရဲအုပ်မျိုးထွေး ဦးစီးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ချစ်မျိုးသန့် မောင်းနှင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက် လမ်းဖြတ်ကူးလာသည့် အမည်၊ နေရပ်စုံစမ်းဆဲ အသက် ၅၅ နှစ်အရွယ်ခန့်ရှိ အမျိုးသမီးနှင့် အနီးရှိ ရပ်တန့်ထားသော ဆိုင်ကယ်တစ်စီးကို အရှိန်လွန်တိုက်မိခဲ့ပြီး အမျိုးသမီးမှာ နေရာတွင် သေဆုံးသွားခဲ့သည်။

အဆိုပါ ၁၂ ဘီးယာဉ်မှာ ခပေါင်းတံတားတောင်ဘက် အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်ကို ဆက်သွယ်ထားသည့် ကားလမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းအရ လိုက်လံဖမ်းဆီးခဲ့ရာ ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့တွင် ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူမြို့မရဲစခန်းက ချစ်မျိုးသန့်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၆-၁-၂၀၂၁) ရက်နေ့၊ ညနေ (၄)နာရီ

၁။ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၂၅-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၇,၉၅၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၁-၁-၂၁) အထိ | ၁၂ ဇန်-၂၁ | ၁၃ ဇန်-၂၁ | ၁၄ ဇန်-၂၁ | ၁၅ ဇန်-၂၁ | ၁၆ ဇန်-၂၁ | ၁၇ ဇန်-၂၁ | ၁၈ ဇန်-၂၁ | ၁၉ ဇန်-၂၁ | ၂၀ ဇန်-၂၁ | ၂၁ ဇန်-၂၁ | ၂၂ ဇန်-၂၁ | ၂၃ ဇန်-၂၁ | ၂၄ ဇန်-၂၁ | ၂၅ ဇန်-၂၁ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၂၂၈ | ၅ | ၃ | ၁၁ | ၃ | ၃ | ၄ | ၁၃ | ၄ | ၈ | ၄ | ၅ | ၁ | ၃ | ၈ |
| ၂ | မင်္ဂလာတောင်ညွန့် | ၅၈၇၁ | ၁၄ | ၆ | ၁၂ | ၅ | ၁၃ | ၂ | ၁ | ၄ | ၅ | ၃ | ၆ | ၃ | ၁ | ၄ |
| ၃ | [illegible] | ၃၀၈၂ | ၁၁ | ၂ | ၅ | ၁၀ | ၁၄ | ၅ | ၂ | ၇ | ၁ | ၁၀ | ၃ | ၃ | ၃ | ၄ |
| ၄ | [illegible] | ၄၆၄၃ | ၈ | ၉ | ၂ | ၁၁ | ၁ | ၂ | ၁၈ | ၈ | ၃ | ၁၀ | ၁ | ၃ | ၁ | ၃ |
| ၅ | ဒေါပုံ | ၃၁၃၉ | ၁၀ | ၁ | ၂ | ၅ | ၁ | ၄ | ၁၀ | ၈ | ၃ | ၃ | ၄ | ၃ | ၁ | ၃ |
| ၆ | လှိုင် | ၂၉၈၈ | ၅ | ၈ | ၄ | ၂ | ၂ | ၂ | ၁ | ၁ | ၉ | ၅ | ၅ | ၂ | ၂ | ၃ |
| ၇ | သင်္ဃန်းကျွန်း | ၂၈၇၇ | ၃ | ၄ | ၃ | ၇ | ၁ | ၃ | ၄ | ၁ | ၂ | ၃ | ၁ | ၃ | ၁ | ၃ |
| ၈ | မရမ်းကုန်း | ၂၂၈၈ | ၅ | ၃ | ၅ | ၇ | ၃၃ | ၆ | ၀ | ၆ | ၃ | ၇ | ၀ | ၇ | ၃၈ | ၃ |
| ၉ | သာကေတ | ၄၇၆၉ | ၁၆ | ၆ | ၁၁ | ၃ | ၄ | ၆ | ၈ | ၄ | ၁ | ၅ | ၅ | ၄ | ၁ | ၂ |
| ၁၀ | ရွှေပြည်သာ | ၃၀၂၂ | ၆ | ၁၀ | ၇ | ၃ | ၁၃ | ၀ | ၃ | ၅ | ၃ | ၉ | ၅ | ၉ | ၂ | ၂ |

စာမျက်နှာ ၁၇ သို့

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။** ။ ယခုလက်ရှိအချိန်အထိ မြန်မာနိုင်ငံမှာ တွေ့ရှိနေရတဲ့ ကိုဗစ် – ၁၉ လူနာတွေအနက် ၆၃ ရာခိုင်နှုန်းက ကိုဗစ် – ၁၉ ရောဂါမပြဘဲ နေကောင်းကျန်းမာစွာနဲ့ သာမန်အတိုင်း ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ မိမိကိုယ်တိုင် မိသားစုနဲ့ပတ်ဝန်းကျင်ကို ရောဂါကူးစက်မခံရဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို အခုထက် ပိုမိုတိကျစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

အပတ်စဉ် တင်ဆက်ပေးနေတဲ့ ကိုဗစ် – ၁၉ အကြောင်းသိကောင်းစရာ အမေး / အဖြေ အစီအစဉ်က ပြည်သူတွေသိရှိလိုတဲ့ အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့ ပညာရှင်တွေက ဆွေးနွေးတင်ပြလျက်ရှိပါတယ်။

အခုတစ်ပတ်မှာ **ဒေါက်တာသန္တာလွင် [ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရောဂါနှိမ်နင်းရေး]၊ ဒေါက်တာသီတာလှ [ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုသရေး] နဲ့ ဒေါက်တာထွန်းတင် [ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ]** တို့က ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**ဒေါက်တာသန္တာလွင် ။** ။ **ကိုဗစ်–၁၉ ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့ လက်ရှိ အစီအစဉ်တွေကို သိပါရစေ** မေးခွန်းနဲ့စပ်လျဉ်းလို့ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းရည်ရွယ်ချက်ကို တင်ပြချင်ပါတယ်။

ရောဂါကူးစက်နိုင်ခြေအမြင့်မားဆုံး လူအုပ်စုကို ရောဂါကူးစက်မှုမှ ကာကွယ်ရန်နဲ့ သေဆုံးမှုကို လျှော့ချရန် ရည်ရွယ်ပါတယ်။ ဒုတိယရည်ရွယ်ချက်အနေနဲ့ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ပြီး ပုံမှန်လုပ်ငန်းတွေ ပြန်လည်လည်ပတ်နိုင်စေရေးအတွက် ကာကွယ်ဆေးရရှိမှုအပေါ်မှာမူတည်ပြီး အဆင့်ဆင့် ထိုးနှံသွားဖို့ ရည်ရွယ်ထားပါတယ်။

ဒီလို ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်း စတင်ဖို့ စီစဉ်ပြီးတဲ့အချိန်မှာ ကိုဗစ် – ၁၉ ကာကွယ်ဆေး လက်ဝယ်ရရှိမှုအခြေအနေက အကန့်အသတ်တွေ ရှိတဲ့အတွက် နိုင်ငံရဲ့လိုအပ်တဲ့ လူအုပ်စုကို ဦးစားပေး အစီအစဉ်အလိုက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### ဆက်လက်ကျင့်သုံးဆောင်ရွက်

အရေးကြီးတာက ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်နေချိန်မှာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကနေ ပြည်သူလူထုကို အဓိကထားပြီး အသိပေးဆောင်ရွက်နေတဲ့ နည်းလမ်းတွေဖြစ်တဲ့ ကိုဗစ် – ၁၉ ကာကွယ်ဖို့ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ ခပ်ခွာခွာနေခြင်း၊ လက်ဆေးခြင်း၊ မိသားစုထဲမှာ အသိပေးခြင်းနဲ့ သတိပေးခြင်းကို ဆောင်ရွက်ခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်း လုပ်ငန်းတွေကို ဆက်လက်ကျင့်သုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

လက်ရှိမှာ အခြားကမ္ဘာ့နိုင်ငံတွေနည်းတူ အသက် ၁၈ နှစ်နဲ့အထက် လူဦးရေတွေမှာ ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေး ထိုးနှံသွားဖို့စီစဉ်ထားပါတယ်။ အခုဆိုရင် အိန္ဒိယနိုင်ငံကနေ COVISHIELD ကာကွယ်ဆေး ၁ ဒသမ ၅ သန်းက ၂၂ – ၁ – ၂၀၂၁ ရက်မှာ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ကာကွယ်ဆေးအနေနဲ့ လူအရေအတွက် ၇ သိန်းခွဲခန့်ကို ထိုးနှံပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဒီကာကွယ်ဆေးတွေက လူတစ်ယောက်ကို ပထမအကြိမ် ဆေးထိုးပြီးရင် ၂၈ ရက်ခြားပြီး ဒုတိယအကြိမ် ထပ်မံဆေးထိုးပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူတစ်ယောက်ကို ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးဖို့အတွက် လမ်းညွှန်ချက်တွေအရ ဆောင်ရွက်နေတာက ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို ရှေ့တန်းကနေ တာဝန်ယူဆောင်ရွက်ပေးနေရတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေပြီး ရှေ့ကိုလည်း ဆက်လက်ဆောင်ရွက်မယ့် စေတနာ့ဝန်ထမ်းတွေကို ပထမဦးဆုံး ဆေးထိုးပေးသွားမယ့် ပထမဦးစားပေးဖြစ်ပါတယ်။

ဆက်လက်ပြီး ဗဟိုအဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် အစိုးရအဖွဲ့ဝင်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ထိုးနှံပေးသွားဖို့ စီစဉ်ထားပါတယ်။ ဆက်လက်ပြီး ကျန်တဲ့ဦးတည်အုပ်စုတွေကို ဦးစားပေး အစီအစဉ်အလိုက် ရောက်ရှိလာတဲ့ Vaccine တွေရဲ့



ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ဒေါက်တာသန္တာလွင်၊ ဒေါက်တာသီတာလှနှင့် ဒေါက်တာထွန်းတင်တို့ ပါဝင်ဖြေကြား ဆွေးနွေးစဉ်။

အရေအတွက်တွေအရ စီမံချက်တွေရေးဆွဲပြီး လမ်းညွှန်ချက်အတိုင်း ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

**အခုထိုးမယ့် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပြီးရင် ဘာတွေခံစားရနိုင်သလဲ၊ နောက်ဆက်တွဲ ရှောင်ရန်/ ဆောင်ရန်တွေ ရှိပါသလား** မေးခွန်းနဲ့စပ်လျဉ်းပြီး ကာကွယ်ဆေးထိုးနှံတဲ့အခါမှာ လူ့ခန္ဓာကိုယ်ရဲ့ ကြွက်သားထဲကို ထိုးနှံပေးရမယ့် ဆေးဖြစ်ပါတယ်။ သာမန်အားဖြင့် ကာကွယ်ဆေးထိုးတိုင်း ကြုံတွေ့ရလေ့ရှိတဲ့၊ သာမန်ဆေးတုံ့ပြန်မှုကြောင့်ဖြစ်တဲ့ နာကျင်ခြင်း၊ နီခြင်း၊ ရောင်ခြင်း၊ နုံးချည့်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မအီမသာဖြစ်ခြင်း၊ ဖျားခြင်း၊ အန်ခြင်း၊ ကြွက်သားနာကျင်ခြင်း စတဲ့အနေအထားနဲ့ အခြေအနေမျိုးတွေကို ဆေးထိုးခံရတဲ့သူ ၁၀ ရာခိုင်နှုန်းလောက်မှာ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဤကဲ့သို့ သာမန်ကာကွယ်ဆေး တုံ့ပြန်မှုတွေ ဖြစ်ပေါ်လာခဲ့ရင်လည်း တစ်ရက်၊ နှစ်ရက်အတွင်း အလိုလို ပျောက်ကင်းသွားမှာ ဖြစ်ပါတယ်။ လက္ခဏာပြင်းထန်၍ သော်လည်းကောင်း၊ အချိန်ကြာရှည်နေလျှင်သော်လည်းကောင်း နီးစပ်ရာ ကျန်းမာရေးဆရာဝန်တွေထံ သွားရောက်ပြသပေးရမှာ ဖြစ်ပါတယ်။

ရှောင်ရန်/ ဆောင်ရန်အနေနဲ့ အဓိက အရေးကြီးတဲ့ အချက်တွေရှိပါတယ်။ အခုရောက်ရှိလာတဲ့ COVISHIELD ကာကွယ်ဆေးလုံးဝမထိုးရတဲ့ အခြေအနေမျိုးရှိနိုင်တာက ဆေးမှာပါဝင်တဲ့ ပစ္စည်းတွေနဲ့ ဓာတ်မတည့်လို့ရှိရင် လုံးဝထိုးပေးလို့ မရပါဘူး။ ပထမအကြိမ် ကာကွယ်ဆေးထိုးပြီး ဆေးနဲ့မတည့်သူဖြစ်ခဲ့ရင် ဒုတိယအကြိမ်မှာ ထိုးပေးလို့ မရပါဘူး။ ဒါတွေက သိထားရမယ့်အချက်တွေ ဖြစ်ပါတယ်။

### အားနည်းမှုရှိနေနိုင်

သတိထားပြီး ကာကွယ်ဆေးထိုးပေးရမယ့် လူအုပ်စုလည်း ရှိပါတယ်။ ဒါက အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရခြင်း သို့မဟုတ် ကင်ဆာရောဂါ သို့မဟုတ် ကိုယ်ခံအားစနစ်ကို ထိန်းချုပ်တဲ့ဆေးဝါး သို့မဟုတ် ရောဂါကုထုံးတွေ ခံယူနေရတဲ့သူတွေရှိခဲ့မယ်ဆိုရင် ကာကွယ်ဆေးထိုးပြီးနောက် ကိုယ်ခံအားတုံ့ပြန်မှု အားနည်းမှုရှိနေနိုင်တယ်။ သွေးမတိတ်သောရောဂါ၊ သွေးကျဲဆေးတွေ သောက်သုံးနေတဲ့သူတွေဖြစ်မယ်ဆိုရင် ဆေးထိုးပြီးတဲ့အခါ သွေးထွက်တဲ့ အနေအထားမျိုးတွေ ရှိလာနိုင်ပါတယ်။

ယာယီအားဖြင့် ဆေးထိုးပေးတဲ့အခါမှာ သတိထားပြီး ဆောင်ရွက်ရမယ့်ကိစ္စအဖြစ် သတ်မှတ်ထားတဲ့အချက်တွေက ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာ သို့မဟုတ် ကိုဗစ် – ၁၉ သံသယလူနာ ဖြစ်ခဲ့ရင် ၁၄ ရက်စောင့်ပြီး ထိုးရမှာ ဖြစ်ပါတယ်။ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရခြင်း သို့မဟုတ် ကင်ဆာရောဂါ သို့မဟုတ် ခုခံအားစနစ်ကို ထိန်းချုပ်တဲ့ဆေးဝါး သို့မဟုတ် ရောဂါကုထုံးတွေ ခံယူနေရတဲ့သူတွေဆိုရင် သတိထားပြီး သူတို့ ရောဂါအခြေအနေကို ထိန်းချုပ်ထားနိုင်တဲ့ အခြေအနေမျိုးရှိမှသာ ထိုးပေးမှာ ဖြစ်ပါတယ်။

တချို့ တခြားရောဂါအခံရှိနေတယ်။ ဆေးကုသမှုခံယူနေတဲ့သူတွေဆိုရင် မိမိရဲ့ သက်ဆိုင်ရာဆရာဝန်ကို ကြိုတင်တိုင်ပင်ပြီး ဆေးထိုးမှုခံယူရမှာဖြစ်ပါတယ်။ သွေးမတိတ်သောရောဂါ၊ သွေးကျဲဆေးသောက်နေရတဲ့ သူတွေဆိုရင် ဆရာဝန်ကိုတိုင်ပင်ဖို့ လိုအပ်သလို၊ အမျိုးသမီးဖြစ်ပါက ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင် ဖြစ်နေပါက အဲဒီအချိန်ကျော်သွားမှသာလျှင် ကာကွယ်ဆေး ထိုးဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**ကိုဗစ် ကာကွယ်ဆေးတစ်လုံးရဲ့ ကုန်ကျတဲ့တန်ဖိုး သိရှိလိုကြောင်း** မေးခွန်းနဲ့စပ်လျဉ်းပြီး ကိုဗစ် – ၁၉ ကာကွယ်ဆေးတစ်မျိုးမက ကမ္ဘာမှာ ပေါ်ပေါက်နေတာ ဖြစ်ပါတယ်။ ယူနစ် cost လို့ခေါ်တဲ့ ဆေးတစ်လုံးရဲ့ တန်ဖိုးကို ထုတ်လုပ်တဲ့နိုင်ငံ၊ ထုတ်လုပ်တဲ့နည်းစနစ် ကွဲပြားမှုအပေါ်မှာမူတည်ပြီး ဈေးနှုန်းတွေက ကွဲပြားမှုရှိပါတယ်။

### စီစဉ်လျက်ရှိ

နောက်ဆုံးရရှိတဲ့ သတင်းအချက်အလက်တွေအရ အနည်းဆုံးဈေးနဲ့ အများဆုံးဈေးကို ပြောရမယ်ဆိုလျှင် အမေရိကန်ဒေါ်လာ ၅ ဒေါ်လာကနေ ဒေါ်လာ ၂၀ အထိ ကုန်ကျနိုင်တဲ့အနေအထားမျိုး ရှိပါတယ်။ ဒါကြောင့် ကာကွယ်ဆေး အမျိုးအစားပေါ်မှာမူတည်ပြီး ဈေးနှုန်းတွေလည်း ကွဲပြားသွားတယ်ဆိုတာကို တင်ပြလိုပါတယ်။ ရရှိမယ့် ကာကွယ်ဆေးက အိန္ဒိယနိုင်ငံကလာတဲ့ COVISHIELD ကာကွယ်ဆေးဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးလုပ်ငန်းအနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှာ ထိုးနှံနိုင်ဖို့အတွက် စီစဉ်လျက်ရှိပါတယ်။

**ကာကွယ်ဆေးနဲ့ပတ်သက်ပြီး တရားဝင် သတင်းစကားတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တင်ပြပေးတာဖြစ်ပါတယ်။ ဒါပေမယ့် အပြင်မှာ သတင်းတွေက အမျိုးမျိုးထွက်နေပါတယ်။ ဒါကြောင့် ဘယ်အရင်းအမြစ် သတင်းကို ယုံကြည်ရမှာလဲ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြောရေးဆိုခွင့် တာဝန်ပေးထားသူတွေရှိရင် သိပါရစေ** မေးခွန်းနဲ့စပ်လျဉ်းပြီး အချက်အလက်များကို အတိအကျ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်နဲ့ဖေ့စ်ဘွတ်စာမျက်နှာတို့မှာ ဝန်ကြီးဌာနက အတိအကျထုတ်ပြန်ပေးထားပါတယ်။ ဒီအထဲမှာ ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။ ဒါတွေက ဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ထားတဲ့ နေရာတွေဖြစ်ပါတယ်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ပေးထားတာ ရှိပါတယ်။ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်နှစ်ဦးရှိပါတယ်။ ကာကွယ်ဆေးထိုးလုပ်ငန်းနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ ပေးခြင်းနဲ့ လိုအပ်ပါက ပြည်သူလူထုကို ဆက်သွယ်ဖြေကြားပေးနိုင်ဖို့အတွက် **နံပါတ်တစ်ပုဂ္ဂိုလ်က ဒေါက်တာသန်းနိုင်စိုး [ညွှန်ကြားရေးမှူး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန]နဲ့ နံပါတ်နှစ်ပုဂ္ဂိုလ်က ဒေါက်တာထားထားလင်း [ညွှန်ကြားရေးမှူး၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန]** တို့ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်နှစ်ဦးထံ မေးမြန်းလိုသော မေးခွန်းတွေကို မေးမြန်းနိုင်ပါတယ်။

**ဒေါက်တာသီတာလှ။** ။ **ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ပြည်သူ့ဆေးရုံတွေမှာ အခြေပြုထိုးသွားမယ်လို့ သတင်းတွေ ထွက်နေပါတယ်။ ပြည်သူ့ကျန်းမာရေးဆေးခန်းတွေနဲ့ ဌာနတွေမှာပါ ဆေး ထိုး/ မထိုး သိပါရစေ** မေးခွန်းနဲ့ပတ်သက်ပြီး ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ၂၇ – ၁ – ၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့)မှာ စတင်ထိုးနှံမယ့် အုပ်စုတွေကို ရှင်းပြသွားပြီးဖြစ်ပါတယ်။ ပြည်သူ့ဆေးရုံအခြေပြုပြီး ကာကွယ်ဆေးထိုးနှံပေးမယ်ဆိုတာ မှန်ပါတယ်။

ဒါကြောင့် ပထမအုပ်စုကို ၂၇ – ၁ – ၂၀၂၁ ရက်မှာ စတင်ပြီး ထိုးနှံတဲ့အခါမှာ ပြည်သူ့ဆေးရုံတွေမှာ အခြေပြု

## ထက်လျှံ

ပြီး ထိုးနှံပေးဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့တင်ပြမှုနဲ့ ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး အမျိုးသားအဆင့် ဗဟိုကော်မတီက အတည်ပြုခဲ့တာ ဖြစ်ပါတယ်။

ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ပူပန်နေတဲ့သူတွေ ရှိတဲ့အတွက် ဆေးထိုးပြီးတဲ့အခါမှာ ကာကွယ်ဆေးက တခြားဆေးတွေလိုမျိုး မဟုတ်ပါဘူး။ ဒါကြောင့် ဆေးမထိုးခင်မှာ ကာကွယ်ဆေးအကြောင်းကို ထိုးမယ့်သူ တစ်ဦးချင်းစီကို ရှင်းပြထားရမှာ ဖြစ်ပါတယ်။ ဒီနေ့ ပြုလုပ်တဲ့ အမေးအဖြေကဏ္ဍရဲ့ ရည်ရွယ်ချက်ကလည်း ဒါတွေပါဝင်ပါတယ်။

ကာကွယ်ဆေးထိုးမယ့်သူတွေ အားလုံးကို ကာကွယ်ဆေးနဲ့ဆိုင်တဲ့ အချက်အလက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အင်တာနက်စာမျက်နှာတွေမှာ ဖော်ပြထားပါတယ်။ ဒီလို ကြိုတင်သိထားခြင်းဖြင့် ပြည်သူ့ဆေးရုံကိုဖြစ်စေ၊ ဆေးထိုးမယ့် စုရပ်ကိုဖြစ်စေ လာရောက်ဆေးထိုးခံမယ့်သူတွေက ကာကွယ်ဆေးအကြောင်းကို သိပြီးတဲ့သူတွေ ဖြစ်တယ်။ လူတစ်ဦးချင်းစီကလည်း မိမိကိုယ်တိုင်ရဲ့ သဘောဆန္ဒအလျောက် သဘောတူထိုးနှံဖို့ ဆန္ဒရှိလို့ လာရောက်ခြင်း ဖြစ်တယ်လို့ မှတ်ယူပါတယ်ဆိုတဲ့အကြောင်းကို လုပ်ငန်းလမ်းညွှန်တွေမှာ ဖော်ပြထားပါတယ်။

ဒါကြောင့် ဆေးရုံတွေမှာ အခြေပြုပြီး ထိုးမယ်လို့ ဆိုတဲ့အတွက် ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေမှာ ဗဟိုအဆင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းကနေ သင်တန်းတွေ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဗဟိုအဆင့်ကနေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ကာကွယ်ဆေးထိုးမယ့်သူတွေကို ပြန်လည်ပြီး သင်ကြားပေးတဲ့ သင်တန်းတွေကို ယခုအချိန်မှာ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ကာကွယ်ဆေးရဲ့ ဓာတ်မတည့်မှုတွေ၊ ကာကွယ်ဆေးထိုးနှံပြီးတဲ့နောက်မှာ ဖြစ်လာမယ့်ဘေးထွက်ဆိုးကျိုးတွေ ရှိပေမယ့်လည်း ဒါကို အတိအလင်းဖော်ပြထားတာက ကာကွယ်ဆေးထိုးပြီးတဲ့ လူ ၁၀ ဦးမှာ တစ်ဦးထက်ပိုပြီး ခံစားရနိုင်ခြေရှိတဲ့ သာမန်လက္ခဏာဆိုတာရှိပါတယ်။ သာမန်လက္ခဏာဆိုတာ ဆေးထိုးတဲ့နေရာမှာ နာမယ်၊ နီမယ်၊ ရောင်မယ် ပြီးရင် ကိုယ်လက်ကိုက်ခဲမယ်၊ နုံးမယ်၊ မအီမသာဖြစ်မယ် ဒါတွေက ၁၀ ဦးမှာ တစ်ဦး ဖြစ်နိုင်တယ်။ ဒါတွေက သာမန်လက္ခဏာလို့ ဆိုပါတယ်။

### လက္ခဏာတွေ ပြတတ်

နောက်တစ်ခုက ၁၀ ဦးမှာ တစ်ဦးလောက်သာ ရှိနိုင်တာက ဆေးထိုးတဲ့နေရာမှာ အကျိတ်ငယ်တွေ ဖြစ်နိုင်တယ်။ ဖျားမယ်၊ အန်မယ် ရာသီတုပ်ကွေးလို လက္ခဏာတွေ ပြတတ်ပါတယ်။ ဒီထက်ပိုပြီး အခုထိုးပေးမယ့် COVISHIELD အပါအဝင် ကိုဗစ် – ၁၉ ကာကွယ်ဆေးတွေက လူ ၁၀၀ မှာ တစ်ဦးခန့် ခံစားရနိုင်ခြေရှိတဲ့ သာမန်လက္ခဏာတွေက မူးဝေမယ်၊ ယားယံမယ်၊ ချွေးထွက်လွန်မယ်၊ အစား စားချင်စိတ်နည်းမယ်၊ ဗိုက်အောင့်မယ်၊ ပြည်ရည်ကျိတ်တွေ ကြီးမယ်ဆိုတာတွေ ရှိနိုင်ပါတယ်။

ဒီနေရာမှာ ပြည်သူတွေကို မေတ္တာရပ်ခံချင်တာက ဒီလိုတွေရှိပေမယ့် အခုအထိ တခြားနိုင်ငံတွေမှာ ထိုးတဲ့ မှတ်တမ်းတွေအရ အသက်အန္တရာယ် ဆိုးဆိုးရွားရွား ဖြစ်စေနိုင်တဲ့အထိ မကြားမိသေးပါဘူး။ ဒါကြောင့် ဆေးထိုးပြီးလို့ ဖြစ်နိုင်တဲ့လက္ခဏာတွေ ရှိပေမယ့်၊ တကယ်လို့ ဆိုးဆိုးရွားရွားဖြစ်ခဲ့ရင်လည်း အရေးပေါ်ဆေးကုသမှုအဖွဲ့ကို ဆေးထိုးမယ့်နေရာအနီးမှာ အသင့်အနေအထားပြင်ဆင်ပြီး အနီးကပ်ထားရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆေးထိုးမယ့်နေရာကို ပြည်သူ့ဆေးရုံတွေအဖြစ် ရွေးချယ်ရခြင်းဖြစ်ပါတယ်။

အခုပထမအုပ်စုထိုးနှံပြီး ရလာတဲ့အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကိုယူပြီး နောက်အုပ်စုတွေအတွက် ဒီထက်ပိုမိုကောင်းမွန်တဲ့ အစီအစဉ်တွေကို ပြန်လည်ချမှတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆေးထိုးပြီးတဲ့အခါမှာ ကာကွယ်ဆေးနဲ့ ဓာတ်မတည့်မှု ရှိ/ မရှိ၊ ပြင်းထန်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ရှိ/မရှိ သေချာအောင် ဆေးထိုးပြီးရင် ချက်ချင်းအိမ်ပြန်လို့ မရပါဘူး။ အနည်းဆုံး မိနစ် ၃၀ (နာရီဝက်) စောင့်ဆိုင်းဖို့ အရေးကြီးပါတယ်။

ပထမအကြိမ် ဆေးထိုးပြီးရင် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်းကတ် ပေးလိုက်မှာဖြစ်ပါတယ်။ ဒီကတ်ကို သိမ်းထားပြီး မပျောက်မပျက် စနစ်တကျ သိမ်းဆည်းထားပြီး နောက်တစ်ကြိမ် ဆေးထိုးဖို့လာတဲ့အခါ ဒီကတ်ပြားကို ပြန်လည်ယူဆောင်လာရမယ်ဆိုတာကို မေတ္တာရပ်ခံ အသိပေးတင်ပြချင်ပါတယ်။

စာမျက်နှာ ၂၀ သို့ ❖

❖ စာမျက်နှာ ၁၉ မှ

ကာကွယ်ဆေး မရခင်က ဆေးရဖို့အတွက် အလွန်မျှော်လင့်နေကြပြီး ဆေးထိုးရမယ့်အချိန်မှာ ကြောက်နေကြတဲ့သူတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်မပြောခဲ့တဲ့ ဆေးထိုးပြီးဖြစ်နိုင်တာက ဆေးထိုးပြီး အကြောက်လွန်မှုကြောင့် မူးဝေတာတွေ ဖြစ်နိုင်ပါတယ်။

**ရောဂါလက္ခဏာမပြတဲ့သူတွေက ၆၃ ရာခိုင်နှုန်းရှိ**

နောက်တစ်ချက် တင်ပြချင်တာက မေးခွန်းတွေထဲမှာ မကြာခဏ တွေ့ရပါတယ်။ ကိုဗစ်-၁၉ ပိုးတွေ့လူနာဖြစ်တယ်။ ဆေးရုံတွေ၊ ဆေးကုသရေးစင်တာတွေ တက်ရောက်ကြတယ်။ ဆေးရုံကနေ ဆင်းခွင့်ပြုတဲ့အခါမှာ သတ်မှတ်ချက်တွေကို သေသေချာချာပြုစုပြီး ထုတ်ဝေထားတာရှိပါတယ်။ ဒီသတ်မှတ်ချက်တွေမှာ အများစုသိကြတာက ပိုးတွေ့တယ် ရောဂါလက္ခဏာ ပြတဲ့သူရှိတယ်/ မပြတဲ့သူရှိတယ်။ အခုနောက်ဆုံး သုတေသနပြုချက်တွေအရ ရောဂါလက္ခဏာ မပြတဲ့သူတွေက ၆၃ ရာခိုင်နှုန်းရှိတာကို အားလုံးက သိရှိပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဆေးရုံတက်ပြီး ကုသမှုခံယူတဲ့အခါမှာ ရောဂါလက္ခဏာ မရှိဘူး၊ ရောဂါလက္ခဏာ မပြတဲ့သူကို ဆေးရုံမှာ ၁၀ ရက်ထားပါတယ်။ ဒီ ၁၀ ရက်ကို ရောဂါပိုးတွေ့ရှိသော Swab ယူတဲ့နေ့ကစပြီး ၁၀ ရက် သတ်မှတ်ထားပါတယ်။ နောက်တစ်ချက်က ရောဂါပိုးတွေ့တယ်၊ ရောဂါလက္ခဏာ လည်းရှိတယ်။ ဒါကို နှစ်မျိုး ထပ်ပြီးခွဲပါတယ်။ သာမန် သို့မဟုတ် အသင့်အတင့်ရှိတဲ့သူနဲ့ ပြင်းထန်ရောဂါလက္ခဏာရှိတဲ့သူဆိုပြီး ရှိပါတယ်။ ပြင်းထန်ရောဂါလက္ခဏာရှိတဲ့သူကို အနည်းဆုံး အတွင်းလူနာအဖြစ် ရက် ၂၀ ထားပါတယ်။

ရောဂါပိုးတွေ့တယ်၊ မပြင်းထန်ဘူး၊ ရောဂါလက္ခဏာလည်းရှိတယ်။ သာမန် သို့မဟုတ် အသင့်အတင့်ရှိတယ်ဆိုရင် သူ့ကို ရောဂါလက္ခဏာပြသည့်ရက်မှစ၍ ၁၀ ရက်နဲ့ ရောဂါလက္ခဏာပျောက်ပြီး တစ်ရက် စုစုပေါင်း ၁၁ ရက် သတ်မှတ်ထားတာရှိပါတယ်။

ခြုံပြီးပြောရရင် ၁၀ ရက်၊ ၁၁ ရက်၊ ၁၄ ရက်ဆိုပြီး ဆေးရုံဆင်းရန် သတ်မှတ်ချက်တွေကို စာနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ ဆေးရုံတွေ၊ ဆေးကုသဌာနတွေ အကုန်လုံးကို အကြောင်းကြားခဲ့ပါတယ်။ ဒါပေမယ့် ယူကေနိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံအချို့မှာ မျိုးဗီဇပြောင်းလဲမှုရှိတဲ့ မျိုးကွဲအသစ်ကို တွေ့ရှိရပါတယ်။ အဲဒီမျိုးကွဲအသစ်ကလည်း ကူးစက်ပျံ့နှံ့မှုကို ပိုပြီးများပြားစေနိုင်တဲ့ အကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းမှာ အတည်ပြုကြေညာခဲ့ပါတယ်။

ဒါကြောင့် ပြည်ပနိုင်ငံတွေကနေ ပြန်ရောက်လာတဲ့ ရောဂါပိုးတွေ့ လူနာဆိုရင် ခုနကလို ၁၀ ရက်၊ ၁၁ ရက် မဟုတ်ဘဲ အနည်းဆုံး သာမန် သို့မဟုတ် အသင့်အတင့်လူနာကို ၁၄ ရက်ထားပါတယ်။ ဒီလို သတ်မှတ်ထားတာကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ဦးစီးမှူးတွေနဲ့ ဆေးရုံအုပ်ကြီးတွေထံ ပေးပို့ထုတ်ပြန်ထားပါတယ်။

**ဒေါက်တာထွန်းတင်။** ။ အသွားအလာကန့်သတ်ခြင်း၊ ကွာရန်တင်း ပြုလုပ်တယ်ဆိုတာက ရောဂါပိုးတွေ့လူနာနဲ့ အနီးကပ်ထိတွေ့ခဲ့သူတွေ၊ အနီးကပ်ရှိတဲ့ မိသားစု၊ ဆွေမျိုးသားချင်းနဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ နောက်တစ်ခုက ရောဂါကူးစက်မှုများပြားနေတဲ့ ဒေသတွေကနေပြီး ရောဂါကူးစက်မှုမရှိသေးတဲ့ ဒေသတွေ၊ ရောဂါကူးစက်မှုနည်းတဲ့ ဒေသတွေကို သွားရောက်တဲ့သူတွေ ဒီလူတွေကနေတစ်ဆင့် ရောဂါကူးစက်မှုမဖြစ်ပွားစေဖို့အတွက်၊ ဒီလိုလူတွေကနေ ရောဂါကူးစက်မပြန့်ပွားစေဖို့ ကွာရန်တင်းလုပ်ငန်းကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

**အချိန်နဲ့တစ်ပြေးညီ ပြောင်းလဲဆောင်ရွက်**

ယခင်တုန်းက ရောဂါအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် မသိရသေးတဲ့အခါမှာ သတင်းအချက်အလက်တွေအပေါ်မှာ မူတည်ပြီး အချိန်ကာလတွေ အမျိုးမျိုးပြောင်းလဲသတ်မှတ်ပြင်ဆင်ပြီး ဆောင်ရွက်ခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ရောဂါနဲ့ပတ်သက်လို့ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေကြောင့် ကာကွယ်ဆေးဆိုတာ ပေါ်လာခဲ့သလို၊ ကွာရန်တင်းကိစ္စနဲ့ပတ်သက်လို့ ဆောင်ရွက်တဲ့ ရက်သတ်မှတ်ချက်ပြောင်းလဲမှုတွေ၊ လုပ်ငန်းစဉ်ပြောင်းလဲမှုတွေ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုနဲ့ပတ်သက်တဲ့ ပြောင်းလဲမှုတွေကို ကမ္ဘာ့နိုင်ငံတွေနဲ့အညီ မြန်မာနိုင်ငံအနေနဲ့ အချိန်နဲ့တစ်ပြေးညီ ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ ထုတ်ပြန်ပြီး ဆောင်ရွက်နေတဲ့ ကွာရန်တင်းလုပ်ငန်းစဉ်တွေကို ရှင်းပြသွားပါမယ်။ Stay at Home သတ်မှတ်ထားတဲ့ မြို့နယ်တွေနဲ့ Stay at Home အစီအစဉ်မှာ မပါဝင်တဲ့ မြို့နယ်တွေဆိုပြီး ခွဲခြားသတ်မှတ်ပြီး ဆောင်ရွက်နေတာရှိပါတယ်။ Stay at Home သတ်မှတ်ထားတဲ့ မြို့နယ်တွေကို ပြန်ကြည့်ရင် ပြည်ပနိုင်ငံကနေ ကုန်းလမ်း၊ ရေလမ်းနဲ့ ပြန်ရောက်လာတဲ့သူတွေ၊ ဓာတ်ခွဲအတည်ပြုလူနာတွေနဲ့ ထိတွေ့ခဲ့သူတွေကို ရှာဖွေပြီး Facility Quarantine လို့ခေါ်တဲ့ သတ်မှတ်တဲ့နေရာမှာ အသွားအလာကန့်သတ်ထားခြင်းကို တစ်ပတ် (၇ ရက်) ထားရှိပါတယ်။

ဒီလို ဆောင်ရွက်ပြီးတဲ့အခါမှာ ရောဂါစစ်ဆေးရေး လုပ်ငန်းတွေကို လုပ်ပါတယ်။ ရောဂါပိုး မတွေ့ဘူးဆိုရင် အိမ်မှာဆက်ပြီး ကွာရန်တင်း ခုနစ်ရက်ထပ်နေရပါတယ်။ စုစုပေါင်း ၁၄ ရက်ဖြစ်ပါတယ်။ ဒီမြို့နယ်တွေမှာ ပြည်ပနိုင်ငံတွေကနေ ဝင်လာတဲ့သူတွေ၊ ဓာတ်ခွဲအတည်ပြုလူနာနဲ့ အနီးကပ်ထိတွေ့သူတွေ၊ Stay at Home လို့ သတ်မှတ်ထားတဲ့ မြို့နယ်တွေက လာရောက်တဲ့သူတွေ ဒီလူတွေအကုန်လုံးကို ကျွန်တော်တို့က Facility Quarantine လို့ခေါ်တဲ့ သတ်မှတ်ထားတဲ့နေရာမှာ အသွားအလာကန့်သတ်ပြီး ၁၄ ရက်တိတိ ထားရှိပါတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေကို ဆောင်ရွက်ပါတယ်။ စစ်ဆေးမှုမှာ ရောဂါပိုးမတွေ့ဘူးဆိုရင် ၁၄ ရက်ပြည့်တဲ့အချိန်မှာ ကွာရန်တင်းကိစ္စပြီးစီးပြီလို့ သတ်မှတ်ပါတယ်။ ဒါက အခုနောက်ဆုံး ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေတာကို တင်ပြတာပါ။

**ကြိုတင်အသိပေးထုတ်ပြန်ထားပြီး**

ဒီနေရာမှာ နောက်ထပ်တစ်ခု တင်ပြချင်တာက ပြည်တွင်းလေကြောင်း သွားလာရေးလုပ်ငန်းတွေကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက်ကစပြီး ပြန်လည်ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း သတ်မှတ်တဲ့ လိုအပ်ချက်တွေကို ကြိုတင်အသိပေးထုတ်ပြန်ထားပြီး လိုအပ်တဲ့ စစ်ဆေးမှုတွေကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တစ်နေရာကနေ တစ်နေရာကို သွားရောက်မယ်ဆိုရင် လိုအပ်ချက်အရ ရောက်တဲ့နေရာမှ ကွာရန်တင်းကိစ္စတွေကို လိုက်နာဆောင်ရွက်ရမယ်ဆိုတာကို ပြည်သူတွေကို အသိပေးချင်ပါတယ်။

ဒါက ရောဂါရဲ့ ပြောင်းလဲမှုဖြစ်စဉ်၊ ပြည်ပနိုင်ငံတွေမှာ ဆောင်ရွက်မှုအနေအထား၊ ရောဂါရဲ့ မျိုးရိုးဗီဇပြောင်းလဲမှု ဒီအခြေအနေတွေ၊ ကူးစက်ရောဂါဗေဒဆိုင်ရာ သုံးသပ်ချက်တွေအပေါ်မှာ မူတည်ပြီး လုပ်ငန်းစဉ်တွေကို ဒေသအလိုက် အနည်းငယ်ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲပြီး ဆောင်ရွက်ရခြင်းက အသက်အန္တရာယ် ဆုံးရှုံးမှုတွေနဲ့ ရောဂါဖြစ်ပွားမှု များပြားလာနိုင်တာတွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ပြည်ပနိုင်ငံတွေကနေပြီး ပြည်သူတွေ ပြန်လာဖို့အတွက် လေကြောင်းလိုင်းတွေ ပြန်လည်ဖွင့်လှစ်ပေးမယ့် အခြေအနေကို သိရှိလိုကြောင်း မေးခွန်းနဲ့စပ်လျဉ်းပြီး နိုင်ငံတော်အနေနဲ့ ဒါကို အထူးအလေးပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ကိုယ့်နိုင်ငံကို ပြန်လာမယ့်သူတွေ ရှိသလို၊ တစ်ဖက်မှာလည်း နိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်တဲ့ စီးပွားရေး လုပ်ငန်းတွေရှိတာကြောင့် တစ်ချိန်တည်းမှာ လေကြောင်းလိုင်းအားလုံးကို ပြန်လည်ဖွင့်လှစ်ပေးခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာမှာဖြစ်ပွားနေတဲ့ ကူးစက်ရောဂါ ဖြစ်ပွားမှုအခြေအနေ၊ နိုင်ငံအတွင်းမှာ ဖြစ်ပွားမှုအခြေအနေ ဒါတွေအပေါ်မှာ မူတည်ပြီး အဆင့်လိုက် လေကြောင်းလုပ်ငန်းတွေကို ပြန်လည်ဆောင်ရွက်သွားမယ်ဆိုတာ တင်ပြလိုပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ လက်ရှိပြောင်းလဲကျင့်သုံးလျက်ရှိတဲ့ ပြည်ပနိုင်ငံတွေကနေ လေကြောင်းခရီးနဲ့ ပြန်လည်ရောက်ရှိလာမယ့်သူတွေကို ကွာရန်တင်းလုပ်ငန်း ဆောင်ရွက်တဲ့အခါမှာ မည်သည့်နိုင်ငံကမဆို ပြည်ပနိုင်ငံတွေကနေ လေကြောင်းခရီးနဲ့ ပြန်လည်ရောက်ရှိလာတဲ့သူတွေကို သတ်မှတ်နေရာတွေမှာ အသွားအလာကန့်သတ်ထားရှိပြီး ကွာရန်တင်းလုပ်ငန်းစဉ်တွေအရ ၁၄ ရက်ပြည့်အောင်ထားပြီး ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံရဲ့ မည်သည့် မြို့နယ်မှာမဆို Stay at Home နဲ့ Non Stay at Home မခွဲခြားဘဲ ပြည်ပနိုင်ငံကနေ လေကြောင်းခရီးနဲ့ပြန်လာရင် သတ်မှတ်နေရာမှာ ၁၄ ရက် အသွားအလာကန့်သတ်သွားမယ်ဆိုတာကို အသိပေးချင်ပါတယ်။

**အထူးဂရုပြုနားလည်စေချင်ပါတယ်**

ဒီကွာရန်တင်းလုပ်ငန်းကို အတတ်နိုင်ဆုံး တိတိကျကျနဲ့ ကြိုးစားပြီး ဆောင်ရွက်ပါတယ်။ ဒီလို ကွာရန်တင်းလုပ်ငန်းတွေကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်းမှာ ကူးစက်မှုမဖြစ်ပွားနိုင်မှာကို အားလုံးအထူးဂရုပြုနားလည်စေချင်ပါတယ်။ အခုလို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းပေါင်းစုံနဲ့ ဆောင်ရွက်နေရုံနဲ့ လုံလောက်မှု မရှိပါဘူး၊ သက်ဆိုင်ရာ ပြည်သူတွေက ဒါကို နားလည်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှသာ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်အောင်မြင်မှာဖြစ်ပါတယ်။

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၅၈၆၁၅၉၇ | ၁၅၆၁၇၃၆၀ | ၄၃၁၃၉၂ |
| ၂။ | အိန္ဒိယ | ၁၀၆၇၇၇၁၀ | ၁၀၃၄၅၉၈၅ | ၁၅၃၆၂၄ |
| ၃။ | ဘရာဇီး | ၈၈၇၂၉၆၄ | ၇၇၀၉၆၀၂ | ၂၁၇၇၁၂ |
| ၄။ | ရုရှား | ၃၇၅၆၉၃၁ | ၃၁၇၄၅၆၁ | ၇၀၄၈၂ |
| ၅။ | ဗြိတိန် | ၃၆၆၉၆၅၈ | ၁၆၄၈၂၁၈ | ၉၈၅၃၁ |
| ၆။ | ပြင်သစ် | ၃၀၅၇၈၅၇ | ၂၁၇၇၀၈ | ၇၃၄၉၄ |
| ၇။ | စပိန် | ၂၆၉၇၂၉၄ | စိစစ်ဆဲ | ၅၆၂၀၈ |
| ၈။ | အီတလီ | ၂၄၇၅၃၇၂ | ၁၈၉၇၈၆၁ | ၈၅၈၈၁ |
| ၉။ | တူရကီ | ၂၄၃၅၂၄၇ | ၂၃၀၄၄၀၃ | ၂၅၂၁၀ |
| ၁၀။ | ဂျာမနီ | ၂၁၅၄၆၅၆ | ၁၈၄၄၀၀၀ | ၅၃၄၀၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၀၁၂၃၅၀ | ၈၂၀၃၅၆ | ၂၈၄၆၈ |
| ၂။ | ဖိလစ်ပိုင် | ၅၁၆၁၆၆ | ၄၇၅၄၂၃ | ၁၀၃၆၈ |
| ၃။ | မလေးရှား | ၁၉၀၄၃၄ | ၁၄၉၁၆၀ | ၇၀၀ |
| ၄။ | မြန်မာ | ၁၃၈၃၆၈ | ၁၂၂၇၈၁ | ၃၀၈၂ |
| ၅။ | စင်ကာပူ | ၅၉၃၆၆ | ၅၉၀၆၆ | ၂၉ |
| ၆။ | ထိုင်း | ၁၄၆၄၆ | ၁၀၈၉၂ | ၇၅ |
| ၇။ | ဗီယက်နမ် | ၁၅၄၉ | ၁၄၂၅ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၆၀ | ၄၁၂ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၆ | ၁၆၉ | ၃ |
| ၁၀။ | လာအို | ၄၄ | ၄၁ | ၀ |



# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ် အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၀ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ခြံရောင်းမည်

## ပြင်ဦးလွင်တွင်နေထိုင်လိုသူများအတွက် အလွန်ဈေးသက်သာသောမြေကွက်ကျယ်ကျယ် ရောင်းမည်

ကိုဗစ်–19ကိုရှောင်ပြီး တောင်ပေါ်မြို့၊ ပြင်ဦးလွင်တွင် လေကောင်းလေသန့်ရှူပြီး ပတ်ဝန်းကျင် အထူးကောင်းမွန်ပြီး ခြံကျယ်ကျယ်နှင့် မိသားစုများများ နေထိုင်လိုသူများအတွက် မျက်နှာ၁၀ 120'၊ ရှေ့နောက်210'၊ ကွန်ကရစ်လမ်းမကြီးဘေး၊ လားရှိုး–မန္တလေးလမ်းဂုတ်ခြံ၊ ပိတ်ချင်းမြောင် ဘုရားမုခ်ဦး အနီး၊ ခြံကျယ်ကျယ် နေလိုသူများအတွက် ဘယ်လိုမှမရနိုင်သောဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်၊ မြေကွက်အလွန်လှသည်။

**ဖုန်း–09–664111664၊ 09–664222664၊ 09–664333664၊ 09–262192711၊ 09–5030406**


# အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ် (၆၂၇)၊ ဒုတိယထပ်(ညာ) တွင် တည်ထောင်ဖွင့်လှစ်ထားသော မရမာကြီးတိုင်းရင်းသားလူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအသင်းအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ ပြည်တွင်းအသင်းအဖွဲ့မှတ် ပုံတင် လက်မှတ်အမှတ်၊ ၁/ပြည်တွင်း/၁၃၉၀ ဖြင့် ၂၁–၁၂–၂၀၂၀ ရက်မှစတင်၍ ၃၁–၁၂–၂၀၂၅ရက်နေ့ထိ မှတ်ပုံတင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်–၁၀(ဂ)အရ အသင်းဥက္ကဋ္ဌ ဦးဝေခင် အပါအဝင် အလုပ်အမှုဆောင် အဖွဲ့ဝင်များကို အသင်း၏ ပထမအကြိမ် သက်တမ်းအတွက် အတည်ပြုအလုပ်အမှုဆောင် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းသတ်မှတ်ကြောင်း အသင်းအဖွဲ့ဝင်များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေခင် (ဥက္ကဋ္ဌ)**
**မရမာကြီးတိုင်းရင်းသားလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအသင်း**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရဲချောင်းဝကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၀၂–က)၊ ပျော်ဘွယ်ကွင်း၊ ဦးပိုင်အမှတ်–၄/၃၊ မြေအမျိုးအစား–လယ်မြေ၊ ဧရိယာ (၁၈.၅၉) ဧကနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒလမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ–၇) တရားဝင်အမည်ပေါက်ရရှိသူ ဦးခင်မောင်ညွန့် [၁၂/တတန(နိုင်)၁၃၇၈၈၄] မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဟိန်းစိုး** — **ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်–၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၆၅/ခ) မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ မြေညီထပ်၊ (တိုက်ရှေ့မှ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းအခန်း) အကျယ် (၁၈'x၆၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၅–၅–၂၀၀၂)ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမင်းဆွေ(ပီအမ်အီး–၁၀၇၇၇၉) [၇/ပမန(နိုင်)၀၂၆၀၃၃]မှ မိမိတစ်ဦးတည်းဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဟိန်းစိုး** — **ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ အမတ်(၅၈၈)၊ (၁)ခန်းတည်း RC(၆)ထပ်တိုက်၏ တတိယထပ်(၄လွှာ)အခန်း၊ ဧရိယာ (၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့်ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးစည်သူအောင် [၁၂/ကမရ(နိုင်)၀၀၃၀၆၄]၊ ဒေါ်ဖြိုးနေခြည်ရွှေ[၁၂/မဘန(နိုင်)၁၀၈၆၅၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်မာဆွေ [၁၂/လမန(နိုင်)၀၃၀၂၃၆]က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မာဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)**
**Ph–09–765602290**
**Level(5,6,7,8)၊ တာဝါ(2), HAGL Myanmar Center Tower,**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၇)၊ မြေကွက်အမှတ်(၉၂)၊ လူနေအခေါ် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ တမ္ဗဝတီလမ်း၊ အမှတ်(၉၂)ဟု ခေါ်တွင်သည့် အလျား(၄၀)ပေxအနံ(၆၀)ပေရှိသော ဒေါ်အေးအေးညိန်း[၁၂/ဒဂန(နိုင်)၀၁၈၃၁၂] အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းမော်[၉/တသန(နိုင်)၀၀၀၁၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင့်လွင်[၁၂/အစန(နိုင်)၁၃၅၉၆၁]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်သဇင်စိုး**
**(LL.B)(D.B.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၄၄)**
**အမှတ်(၄၁၄)၊ ပုလဲ (၂)လမ်း၊ (၄)ရပ်ကွက်**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၁၂၃၅၄၁၀**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၊ မြေကွက်အမှတ်–၈၄၂၊ မြေကွက်တည်နေရာအမှတ်(၈၄၂)၊ သုဓမ္မာလမ်း၊ (၄)ရပ်ကွက် ဦးကင်းရွှေ[၁၂/ဥကမ(နိုင်)၁၃၉၈၆၉]အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးကင်းရွှေ(ဖခင်)သည်(၁၂–၆–၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်စန်းလှိုင်(မိခင်)သည် ၂၇–၄–၁၉၉၉ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ပြီး ၎င်းတို့၏သား/သမီးများဖြစ်ကြသော ဦးလှဦး[၁၂/ဥကမ(နိုင်)၁၃၃၉၆၉]၊ ဦးသိန်းဝင်း [၁၂/ဥကမ(နိုင်)၁၂၄၆၄၀]၊ ဒေါ်ကြင်ကြင်စန်း[၁၂/ဥကမ(နိုင်)၁၃၂၂၆၄]၊ ဒေါ်နုနုဝင်း[၁၂/ဥကမ(နိုင်)၁၃၉၇၆၀]တို့မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်မူရင်း၊ နိုင်/ကတ်များ၊ ဦးကင်းရွှေ သေစာရင်း၊ ဒေါ်စန်းလှိုင်သေဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက်၊ မြို့နယ်တို့၏ ထောက်ခံစာ၊ အိမ်ထောင်စုစာရင်းများတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


# သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ


# ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

၁။ ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YUPT)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို COVID–19 ဗိုင်းရပ်စ်ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် လူမှုရေးအကွာအဝေးလမ်းညွှန်ချက်များနှင့်အညီ အွန်လိုင်းအသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံး Online မှ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၂၅–၂–၂၀၂၁ ရက် (ကြာသပတေးနေ့) |
| ကျင်းပမည့်အချိန် | – | နံနက် (၁၀:၀၀) နာရီ |
| ကျင်းပမည့်ပုံစံ | – | Zoom Meeting |

၂။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးဖိတ်စာနှင့်အတူ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်း၊ အစည်းအဝေးတက်ရောက်ရန်အတွက် အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration) အတွက် လုပ်ဆောင်ရမည့်နည်းလမ်းပုံစံတို့ကို YUPT ၏ Website **(www.yuptpublic.com.mm)** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

၃။ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသည် အစည်းအဝေးတက်ရောက်ရန်အတွက် (၁၀–၂–၂၀၂၁) ရက်နေ့မှ (၂၃–၂–၂၀၂၁) ရက်နေ့အတွင်း အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration)ကို YUPT Webisite **(www.yuptpublic.com.mm)**တွင်ရှိသော yupt.meet4u.online link မှ တစ်ဆင့် ပြုလုပ်ရမည်ဖြစ်ပါသည်။ ကုမ္ပဏီတွင် မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်များ၏ မိုဘိုင်းလ်ဖုန်းသို့ Online Registration ပြုလုပ်ရန် Website သို့ ဝင်ရမည့် Link အား Phone SMS ဖြင့် ပေးပို့မည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် YUPT Call Center၏ Viber ဖုန်းနံပါတ် ၀၉–၄၅၄၅၄၆၆၅၅၊ ၀၉–၉၆၄၅၄၆၆၅၅ သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက်ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်းလ်ဖုန်းနံပါတ်တစ်ခုဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်းပေးသွင်းနိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များ၏ Online ဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ထားသော မိုဘိုင်းလ်ဖုန်းနံပါတ်တစ်ခုသို့သာ Zoom Meeting အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting Link နှင့် Password အား Phone SMS ဖြင့် ပေးပို့မည်ဖြစ်သည်။

၅။ အကြံပြုချက်နှင့် ဖြေကြားပေးစေလိုသည့် မေးခွန်းများကို (၉–၂–၂၀၂၁)ရက်၊ ညနေ(၄:၀၀) နာရီ နောက်ဆုံးထား၍ **contact@yuptpublic.com.mm** သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၉–၄၅၄၅၄၆၆၅၅၊ ၀၉–၉၆၄၅၄၆၆၅၅ သို့ Viber ဖြင့်လည်းကောင်း ရုံးချိန်အတွင်း အချိန်မီပေးပို့နိုင်ပါသည်။

၆။ အစုရှယ်ယာလက်မှတ်အသစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းခြင်း စသည့်အစုရှယ်ယာနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို (၁၈–၁–၂၀၂၁) ရက်မှ (၂၆–၂–၂၀၂၁) ရက်ထိ ခေတ္တရပ်နားထားမည် ဖြစ်ပါသည်။

၇။ Online Registration ပြုလုပ်ခြင်းနှင့် အစည်းအဝေးတက်ရောက်ခြင်းကိစ္စများအတွက် Call Center Phone ၀၉–၄၅၄၅၄၆၆၅၅၊ ၀၉–၉၆၄၅၄၆၆၅၅ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

## Onlineမှ သင်ကြားမည့် နိုင်ငံခြားဘာသာစကားသင်တန်းသား လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)မှ ဖွင့်လှစ်သင်ကြားမည့် နိုင်ငံခြားဘာသာစကားအခြေခံ Level 1 သင်တန်းများ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ စပိန်၊ ထိုင်းနှင့် မြန်မာဘာသာ (နိုင်ငံခြားသားများအတွက်) သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဝင်ခွင့်မှတ်ပုံတင်ခြင်းနှင့် သင်တန်းကြေးပေးသွင်းခြင်းများအား http://chrd.yufl.edu.mm မှ တစ်ဆင့် Online စနစ်ဖြင့် လက်ခံသွားမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာတင်သွင်းရာတွင် မိမိသင်ယူလိုသည့် ဘာသာစကားအား တိကျသေချာစွာ ရွေးချယ်ရမည်ဖြစ်ပြီး သင်တန်းကြေးပေးသွင်းခြင်းအတွက် KBZ Pay, AYA Payတို့ဖြင့် ပေးချေရမည်ဖြစ်ပြီး သင်တန်းကြေးပေးသွင်းပြီးကြောင်း အကြောင်းကြားစာ Email လက်ခံရှိမှသာ သင်တန်းကို တက်ရောက်နိုင်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| သင်ကြားမည့်အစီအစဉ် | – | Online မှ သင်ကြားခြင်း |
| online ဖြင့် လျှောက်ထားရမည့်ရက် | – | ၁–၂–၂၀၂၁ ရက်၊ နံနက် ၉:၃၀ နာရီမှ သတ်မှတ်ဦးရေပြည့်သည့်အထိ အင်္ဂလိပ်ဘာသာ |
| | – | ၂–၂–၂၀၂၁ ရက်၊ နံနက် ၉:၃၀ နာရီမှ သတ်မှတ်ဦးရေပြည့်သည့်အထိ တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ စပိန်၊ ထိုင်းနှင့် မြန်မာဘာသာ(နိုင်ငံခြားသားများအတွက်) |
| သင်တန်းကာလ | – | (၁၀) ပတ် |
| သင်တန်းကြေး | – | ၆၀၀၀၀/–(ခြောက်သောင်းကျပ်) မြန်မာဘာသာ သင်ကြားမည့် နိုင်ငံခြားသားများအတွက် (USD 200) နှင့် ညီမျှသော မြန်မာငွေပေါက်ဈေးပေးသွင်းရန်။ |

| | | | |
|---|---|---|---|
| သင်တန်းပို့ချမည့်နေ့ရက် | – တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ | – အင်္ဂါ၊ ကြာသပတေး၊ စနေ | – စနေ၊ တနင်္ဂနွေ |
| သင်တန်းပို့ချမည့်အချိန် | – ညနေ၅:၃၀–၇:၃၀ နာရီ | – ညနေ၅:၃၀–၇:၃၀ နာရီ | – မွန်းလွဲ၂:၃၀–၅:၃၀ နာရီ |
| သင်တန်းကာလ | – ၁၅–၂–၂၀၂၁မှ၂၃–၄–၂၀၂၁ | – ၁၆–၂–၂၀၂၁မှ၂၄–၄–၂၀၂၁ | – ၂၀–၂–၂၀၂၁မှ၂၅–၄–၂၀၂၁ |

* မိမိကြိုက်နှစ်သက်ရာ အချိန်ပိုင်းသင်တန်းအား ရွေးချယ်လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| အနိမ့်ဆုံးပညာအရည်အချင်း | – | တက္ကသိုလ်ဝင်စာမေးပွဲအောင် (သို့မဟုတ်) အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ကြောင်း လက်မှတ်ရရှိသူ |
| တင်ပြရန်စာရွက်စာတမ်းများ | – | အခြေခံပညာအထက်တန်းသင်ယူပြီးမြောက်ကြောင်း လက်မှတ် (သို့မဟုတ်) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း (သို့မဟုတ်) အမှတ်စာရင်းမူရင်း (သို့မဟုတ်) ဘွဲ့လက်မှတ်မူရင်းနှင့် ဓာတ်ပုံတို့အား (Online မှ လျှောက်ထားသည့်ရက်နေ့တွင် Attach File ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။ |
| စုံစမ်းရန်ဌာန | – | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ၀၁–၅၁၅၂၁၆၊ ၀၁–၅၁၃၁၉၃၊ ၀၉–၄၂၈၀၀၄၆၆၅၊ ၀၉–၂၅၄၀၃၂၇၄၄၊ ၀၉–၇၇၉၀၈၅၈၄၉ |

Online မှ လျှောက်လွှာတင်သွင်းရာတွင် ပြည့်စုံစွာဖြည့်စွက်ထားပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Server သို့ အရင်ရောက်ရှိလာသော လျှောက်လွှာများကို ဦးစားပေးအစီအစဉ်အတိုင်း လက်ခံပေးမည်ဖြစ်ပါသည်။

**(ပညာအရည်အချင်း သတ်မှတ်ချက်အား မှားယွင်းစွာဖော်ပြပြီး သင်တန်းတက်ရောက်နေကြောင်း စစ်ဆေးတွေ့ရှိပါက သင်တန်းမှထုတ်ပယ်ပြီး သင်တန်းကြေးငွေကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။)**

၁–၂–၂၀၂၁ ရက်နေ့၊ နံနက် ၉:၃၀ နာရီတွင် အင်္ဂလိပ်ဘာသာ၊ ၂–၂–၂၀၂၁ ရက်နေ့၊ ၉:၃၀ နာရီတွင် ကျန်ဘာသာများကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Website ၏ သတ်မှတ် Address တွင် စတင်မြင်တွေ့လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**သတ်မှတ်သင်တန်းသားဦးရေ ပြည့်သွားပါက အလိုအလျောက် မှတ်ပုံတင်ခွင့် ရပ်ဆိုင်းသွားမည် ဖြစ်ပါသည်။**
**(သင်တန်းကြေးပေးသွင်းပြီးမှသာလျှင် သင်တန်းသားအဖြစ် သတ်မှတ်မည်ဖြစ်သည်။)**

သင်တန်းဝင်ခွင့်ရရှိသည့် အမည်စာရင်းအား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Website တွင် ၈–၂–၂၀၂၁ ရက်၊ နံနက်(၁၀:၀၀)နာရီတွင် ကြေညာပေးမည်ဖြစ်ပါသည်။

* အသေးစိတ်အချက်အလက်များကို သိရှိလိုပါက yufl facebook page တွင်လည်းကောင်း၊ ssc@yufl.edu.mm email သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၉–၂၅၄၀၃၂၇၄၄၊ ၀၉–၄၂၀၀၅၈၀၃၉၊ ၀၉–၄၃၁၃၈၀၀၇၂၊ ၀၉–၄၂၁၁၄၁၁၇၊ ၀၉–၇၇၉၀၈၅၈၄၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


# ကုန်မာဆိုင်/စတိုးဆိုင် ဖွင့်ရန်

တ/ဥက္ကလာ၊ ဝေဇယန္တာလမ်းမပေါ် ပေ(၃၄x၅၅) မြေညီထပ် (ထပ်ခိုးပါ)နှင့် မြေအောက်ဂိုဒေါင် ပေ(၁၇x၅၅)တွဲလျက် ရောင်းမည်။

**Ph:09–407777377,09–799871936**



# မီးဘေးရှောင် မလောင်ခင်တား

# မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဦးဆုံး စတင်ထိုးနှံခြင်း အစီအစဉ် သတင်းထုတ်ပြန်ချက်

**နေပြည်တော်၊ (၂၀၂၁) ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်**

ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြန်မာနိုင်ငံတွင် (၂၇-၁-၂၀၂၁) ရက်နေ့မှ စတင်၍ ထိုးနှံသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရန် COVAX facility သို့ အဆိုပြုခြင်း၊ နိုင်ငံတော်အစိုးရဘဏ္ဍာငွေဖြင့် ဝယ်ယူခြင်း၊ နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရေးအစီအစဉ်ဖြင့် လက်ခံရရှိခြင်းစသည့် နည်းလမ်းများဖြင့် အရည်အသွေးမြင့်မား၍ လုံခြုံစိတ်ချရသော ကာကွယ်ဆေးများကို ရရှိရန် ကြိုးပမ်းခဲ့ပါသည်။

အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ အိမ်နီးချင်းနိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် ပေးအပ်သော COVISHIELD / Astrazeneca ကာကွယ်ဆေး အရေအတွက် (၁.၅)သန်းကို (၂၀၂၁) ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် လက်ခံရရှိထားပြီး ဖြစ်ပါသည်။

နိုင်ငံတော်ဘဏ္ဍာငွေဖြင့် COVISHIELD / Astrazeneca ကာကွယ်ဆေး အကြိမ် (dose) အရေအတွက် သန်း(၃၀)ကို ဝယ်ယူထားပြီးဖြစ်ကာ (၂၀၂၁) ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအပတ်အတွင်း ကာကွယ်ဆေးအကြိမ်ရေ (၂) သန်းခန့် ကနဦးရောက်ရှိလာမည်ဖြစ်ပါသည်။ COVAX facility မှ ကာကွယ်ဆေးများသည် မတ်လတွင် စတင်၍လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသော ကာကွယ်ဆေးများသည် ဧပြီလတွင်လည်းကောင်း လစဉ် အသုတ်လိုက် ဆက်လက်ရရှိသွားမည် ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် ရှေ့တန်းမှ တာဝန်ယူဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို (၂၇-၁-၂၀၂၁) ရက်နေ့မှစတင်၍ ထိုးနှံပေးသွားမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို (၂၉-၁-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို (၃၀-၁-၂၀၂၁) ရက်နေ့တွင်လည်းကောင်း ထိုးနှံပေးသွားမည် ဖြစ်ပါသည်။

ထို့နောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို (၅-၂-၂၀၂၁) ရက်နေ့မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရအဖွဲ့ဝင်များလည်း ပြည်သူနှင့်အတူ စတင်ထိုးနှံသွားမည် ဖြစ်ပါသည်။

ထိုသို့ထိုးနှံရာတွင် မိမိအိမ်တွင်နေထိုင်ရေးအစီအစဉ်(Stay at home)တွင် အကျုံးဝင်သော မြို့နယ်များ၌ နေထိုင်ပြီး အသက်ကြီးသူများ၊ အခြားရောဂါအခံရှိသူများနှင့် ရောဂါရရှိမှုလွယ်သော လူအုပ်စုများကို ဦးစားပေးကာ ထိုးနှံပေးသွားမည်ဖြစ်ပါသည်။ ကာကွယ်ဆေးရရှိမှု အရေအတွက်အပေါ်မူတည်၍ Stay at home အစီအစဉ်တွင် အကျုံးဝင်သော မြို့နယ်များအနက် ကူးစက်ဖြစ်ပွားမှုများပြားသော မြို့နယ်များ၊ နေရာဒေသများကို ဦးစားပေး ရွေးချယ်ထိုးနှံပေးသွားမည် ဖြစ်ပါသည်။

ဆက်လက်ရရှိလာမည့် ကာကွယ်ဆေးအရေအတွက် အပေါ်မူတည်၍ ကျန်လူအုပ်စုများကိုလည်း ဦးစားပေးအစီအစဉ်အလိုက် ဆက်တိုက်ထိုးနှံပေးသွားမည် ဖြစ်ပါသည်။

"ကျွန်မတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကနေ သတ်မှတ်ထားတဲ့စည်းမျဉ်း၊ စည်းကမ်းတွေအတိုင်း ဆက်ပြီးတော့ မိမိကိုယ်မိမိ ကာကွယ်သွားရမှာ ဖြစ်ပါတယ်။ မျက်နှာဖုံးတပ်ရမယ်၊ လက်ဆေးရမယ်၊ လူစုလူဝေးကြားထဲမှာ မသွားရဘူး၊ ခပ်ခွာခွာနေရမယ် စသဖြင့်ပေါ့၊ ဒီအခြေခံစည်းမျဉ်း/စည်းကမ်းတွေကို ဆက်ပြီးတော့ လိုက်နာသွားဖို့ လိုပါတယ်။" (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၁-၁-၂၀၂၁ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD အလုံးရေ ၂၀၀၀ နေပြည်တော်သို့ ရောက်ရှိ ဇန်နဝါရီ ၂၇ ရက်တွင် ကျန်းမာရေးဝန်ထမ်းများကို စတင်ထိုးနှံပေးသွားမည်



**နေပြည်တော် ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံမှဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအမံများအား အထောက်အကူပြုစေရန် ရည်ရွယ်ပြီး အိန္ဒိယနိုင်ငံ အခြေစိုက် Serum Institute of India (SII) ထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ၁ ဒသမ ၅ သန်းကို ပထမအကြိမ် ကူညီထောက်ပံ့ခဲ့ရာ ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့သည်။

ယင်းကိုဗစ်-၁၉ ကာကွယ်ဆေးများအနက်မှ အလုံးရေ ၂၀၀၀ ကို ရန်ကုန်မြို့ ဗဟိုဆေးသိုလှောင်ရုံမှတစ်ဆင့် နေပြည်တော်သို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံး ၂၀၀၀ ကို TTA Co,.Ltd. မှ ဆေးပို့တာဝန်ခံ ဦးအောင်ကိုဦးက နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးစုကြည်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးစုကြည်က "အခုရောက်ရှိလာတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို ဇန်နဝါရီ ၂၇ ရက်မှာ ကျန်းမာရေးဝန်ထမ်းတွေကို စတင်ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ ဗဟိုက ညွှန်ကြားချက်တွေနဲ့အညီ ဆေးထိုးမယ့် အစီအစဉ်တွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကာကွယ်ဆေး စတင်ထိုးနှံပေးမယ့်အထဲမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်အတွင်းမှာရှိတဲ့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းတွေ၊ ဗဟိုအဆင့်ဆေးရုံကြီးမှ ဝန်ထမ်းတွေ ပါပါတယ်။ စုစုပေါင်း ကျန်းမာရေးဝန်ထမ်းဦးရေ ၃၈၀၀ ကျော်ကို မနက်ဖြန်မှာ ပထမအကြိမ်အဖြစ် စတင်ထိုးနှံသွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❍

# ရှမ်းယူနိုက်တက်အသင်း၏ ၂၀၂၁ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲကို ဧပြီ ၇ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် ၂၀၂၁ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲနှင့် ခြေစစ်ပွဲ Play-off ပွဲစဉ်များကို ဧပြီလအတွင်း ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ရမည့် အကြိုခြေစစ်ပွဲကို ဧပြီ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲကျင်းပမည့် ကာလကိုလည်း ပြောင်းလဲထားကာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲစဉ်များကို ဧပြီ ၇ ရက်နှင့် ၁၄ ရက်တို့တွင် အပြီးကျင်းပမည်ဖြစ်သလို အုပ်စုပွဲများကိုလည်း ဧပြီလအတွင်းမှာပင် စတင်ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

**e-ID စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၉

**တစ်ချိန်က မြန်မာ့ရုပ်မြင်သတင်း ဘယ်လိုလွှင့်ခဲ့သလဲ...**

ဆောင်းပါး စာမျက်နှာ » ၁၀

